# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၄၄)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ ၁၃-၁၁-၂၀၂၄၊ ဗုဒ္ဓဟူးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

## စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄၃၂၇၈၄၀၅ ကျပ်ကို သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၂

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၄ ခုနှစ် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည် မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကံဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇဝန ထံ ကထိန်လျာသင်္ကန်းကို ဆက်ကပ်လှူဒါန်းစဉ်။

**တိမ် အသင့်အတင့် ဖြစ်ထွန်းမည်**

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။

## ရွှေစည်းခုံစေတီတော်ကြီး အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်ကြီး အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန် ဘက်စုံလွှမ်းခြုံသောအစီအစဉ် (Master Plan) ရေးဆွဲနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရွှေစည်းခုံစေတီတော်ကြီးသည် ရှေးဟောင်းလက်ရာ ကျန်ရှိမှုအဆင့် Grade 1 အဆင့်ဖြစ်ပြီး စေတီတော်ပရိဝုဏ်အတွင်းတွင် ပုဂံခေတ်ကာလကတည်းက ဘုရား၊ စေတီများ၊ ကျောက်စာအထောက်အထားများအပြင် ပုဂံခေတ်နောက်ပိုင်းကာလမှ ခေတ်အဆက်ဆက်လှူဒါန်းထားသည့် ခေါင်းလောင်းများ၊ ကျောက်သပိတ်များကို ယနေ့တိုင် တွေ့မြင်နိုင်ပါကြောင်း၊ ရွှေစည်းခုံစေတီတော်ကြီးအား မည်သည့်နေရာမှ ကြည့်ကြည့် မြင်ကွင်းတင့်တယ်သပ္ပာယ်စေရေး၊ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ရာတွင် အဆင်ပြေစေရေးအတွက် ဘက်စုံပြုပြင်ထိန်းသိမ်းခြင်းအစီအစဉ် (Master Plan) ရေးဆွဲဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ပါကြောင်း။ သို့ဖြစ်ပါ၍ (Master Plan) ရေးဆွဲရေး ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အထောက် အကူပြုကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်ကိုးကွယ်နိုင်ခြင်းအလို့ငှာ ရွှေစည်းခုံစေတီတော်ကြီးကို တည်ထားခဲ့ရာ နှစ်ပေါင်းရာထောင်မက တည်တံ့ခိုင်မြဲစေရေးအတွက် ရှေးဟောင်းအမွေအနှစ်များကို ထိခိုက်မှုမရှိစေဘဲ မိမိတို့ကျွမ်းကျင်သော အတတ်ပညာ၊ အသိပညာတို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်မှုများကို မိမိတို့၏ ကုသိုလ်စိတ်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ရွှေစည်းခုံစေတီတော်ကြီး၏ (Master Plan) ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မတိုင်မီ ရေးဆွဲပြီးစီးနိုင်ရေး ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ရွှေစည်းခုံစေတီတော်ကြီး အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ဘက်စုံလွှမ်းခြုံသောအစီအစဉ် (Master Plan)ရေးဆွဲနိုင်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ (Master Plan) ရေးဆွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက Master Plan ရေးဆွဲရေးလုပ်ငန်းကော်မတီ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ မန္တလေးမြို့ ကုသိုလ်တော်ဘုရား ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှုမှတ်တမ်းများနှင့် နှိုင်းယှဉ်၍ အကြံပြုဆွေးနွေးတင်ပြခဲ့သည်။

မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌက (Master Plan) ရေးဆွဲရေးနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်သင့်သော အကြံပြုချက်များကို ဆွေးနွေးတင်ပြသည်။

ရွှေစည်းခုံစေတီတော်ကြီး အထွေထွေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်လျက်ရှိသည်။ ဘက်စုံလွှမ်းခြုံသောလုပ်ငန်းအစီအစဉ် (Master Plan) ရေးဆွဲရေးအတွက် ကဏ္ဍအလိုက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## တန်ဆောင်တိုင်စာအုပ်ဈေးရောင်းပွဲတော် ကျုံးအရှေ့ဘက်တွင် ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၁၂**

ထိပ်ထားလှိုင်စာပေ(မန္တလေး)၏ စီစဉ်မှုဖြင့် တန်ဆောင်တိုင် စာအုပ်ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၅ ရက်(တန်ဆောင်မုန်းလပြည့်နေ့)မှ နိုဝင်ဘာ ၁၇ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ကျုံးအရှေ့ဘက် ၁၄ လမ်းနှင့် ၆၆ လမ်း အလုပ်သမားဆေးရုံကြီးအနီးတွင် ကျင်းပသွားမည်ဖြစ်သည်။

စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး စာပေချစ်သူများအတွက် မေတ္တာလက်ဆောင်အဖြစ် စာအုပ်များ ကံစမ်းမဲဖောက်ပေးမည်ဖြစ်သည်။

"စာအုပ်ဈေးရောင်းပွဲတော် မှာ ကောင်းခန့်စာပေ၊ အမြွာညီနောင်စာပေ၊ ထိပ်ထားလှိုင်စာပေ၊ ရန်အောင်စာပေ၊ မိုးကောင်းမြေစာပေတို့ကနေ စာအုပ်ဝယ်ယူ ပါက ၁၀ ရာခိုင်နှုန်းလျှော့ရောင်းချပေးမှာဖြစ်ပါတယ်။ ဒါကြောင့် လာရောက်ဝယ်ယူအားပေးဖို့ ဖိတ်ခေါ်အပ်ပါတယ်"ဟု ဒေါ်သဉ္ဇာလှိုင်(လားရှိုး)ထိပ်ထားလှိုင်စာပေမှ ပြောသည်။

ဒေါ်သဉ္ဇာလှိုင်သည် စာပေတိုက်အပြင် စာပေရေးသားနည်း၊ အခြေခံသင်တန်း၊ ဇာတ်ညွှန်းပညာမျှဝေခြင်းလုပ်ငန်းများကိုလည်း မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး စာပေရေးသားခြင်းဖြင့် စာပေဗိမာန်စာမူ ဆု၊ ဝတ္ထုရှည် နှစ်ဆု အပါအဝင် နိုင်ငံတော်အဆင့် ဝန်ကြီးဌာနများမှ ကျင်းပသည့် စာပေဆု စုစုပေါင်း ၁၀ ဆု ရရှိထားကြောင်း သိရသည်။

**မန္တလေးနေ့စဉ်သတင်းအဖွဲ့**

## မန်းကျည်းကိုင်းကျေးရွာအုပ်စု၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**အမရပူရ နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မန်းကျည်းကိုင်းကျေးရွာအုပ်စု၊ အ-မ-က(မန်းကျည်းကိုင်း)အခြေခံပညာကျောင်းသို့ အမရပူရမြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ် လဝကမှူး ဒေါ်သင်းသင်းကြူ ဦးဆောင်သောအဖွဲ့မှ နိုဝင်ဘာ ၁၁ ရက်နေ့ နံနက်ပိုင်းက မန်းကျည်းကိုင်းကျေးရွာနှင့် ရွှေပေါက်ပင်ကျေးရွာတို့မှ အသက်(၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့သည်။

အဆိုပါ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ အကျုံးဝင်သော ကျောင်းသား၊ အမျိုးသား ၃၉ ဦး၊ ကျောင်းသူအမျိုးသမီး ၃၁ ဦး၊ စုစုပေါင်း ၇၀ ဦး နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်လဝကဦးစီးမှူး ဦးတင်ကိုကိုဝင်းထံမှ သိရသည်။ **(ယာပုံ)**

**စိုးသီဟ(အမရ)**

## ပြင်ဦးလွင်မြို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးငွေပေးအပ်ပွဲ ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ချေးငွေပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

**(အောက်ပုံ)**

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်က အဖွင့်အမှာစကား ပြောကြားပြီး ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်စိုးဦးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးငွေနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး ပြင်ဦးလွင်မြို့နယ်စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်က စပါးသီးနှံစိုက်တောင်သူကိုယ်စားတောင်သူဦးဘိုခင်အား ချေးငွေများပေးအပ်ခြင်း၊ ပြင်ဦးလွင်မြို့နယ် စီမံကိန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးအောင်စိုးဦးက ဝါသီးနှံစိုက်တောင်သူများကိုယ်စား တောင်သူ ဦးညွန့်တင်အား ချေးငွေများပေးအပ်ခြင်း၊ ပြင်ဦးလွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးသော်ဇင်လင်းက ဂျုံသီးနှံစိုက်တောင်သူများကိုယ်စား တောင်သူ ဦးကံသိန်းအား ချေးငွေများ အသီးသီးပေးအပ်ခဲ့ကြပြီး ပြင်ဦးလွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

o-o-o-o-o



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

✰ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွား ချီးမြှင့်တော်မူသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကထိန်ခံ

စာမျက်နှာ ၄ သို့ ✰



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့ ရေဆင်းကံဦးကျောင်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ စာမျက်နှာ ၃ မှ

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကံဦးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇဝနထံ ကထိန်လျာသင်္ကန်းကို လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကောင်စီဝင် ညိုနိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီးတို့က ရေဆင်းကံဦးကျောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေဆင်းကံဦးကျောင်းတိုက်မှ ဆရာတော်နှစ်ပါးတို့က ကထိန်အမေး၊ အဖြေများကို ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစု မဟာဘုံကထိန် အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များကို နိုဝင်ဘာ ၁၀ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့သည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ်မိသားစု မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာန အသီးသီးမှ ပဒေသာပင်စုစုပေါင်း အပင် ၉၀၊ ပစ္စည်းတန်ဖိုးငွေ ၁၃၆၂၉၃၃၉၅ ကျပ်နှင့် ငွေသားတန်ဖိုးငွေကျပ် ၁၀၆၉၈၅၀၁၀ ဖြစ်သဖြင့် စုစုပေါင်းတန်ဖိုးငွေ ၂၄၃၂၇၈၄၀၅ ကျပ်ကို လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



### လှည့်လည်ကြည့်ရှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြစဉ်။





ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် မိသားစု မဟာဘုံကထိန်အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဘရာဇီးလ် ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂူစထာဗို ရော်ချာ ဒီ မင်နင်းဇီးစ် အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်မှုတိုက်ဖျက်ရေး မဟာမိတ်အဖွဲ့ဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံအကြား စတုတ္ထအကြိမ်မြောက် နိုင်ငံရေးရာဆွေးနွေးပွဲ ကျင်းပနိုင်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ အပါအဝင် နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အလားအလာရှိသော ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ရုံးချုပ်မှ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Mr. Edward Chaker Chaiban ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် UNICEF တို့အကြား လက်ရှိပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ UNICEF ၏ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ UNICEF ၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသခွဲရုံးမှ ဒေသဆိုင်ရာညွှန်ကြားရေးမှူးနှင့် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။

သတင်းစဉ်

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးယားပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးယားပြည်နယ် အကြီးအကဲ H.E.Mr.Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E.Mr. Iskander Azizov နှင့် တာဝန်ရှိသူများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား Lotte ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ငြိမ်းချမ်းရေးတက္ကသိုလ်တို့ပူးပေါင်း၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်းဆိုင်ရာ သင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျိနီဗာမြို့အခြေစိုက် ငြိမ်းချမ်းရေးတက္ကသိုလ် (University for Peace-UPEACE) တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်းဆိုင်ရာသင်တန်း (Training on Peaceful Coexistence and Cultural Diversity) ကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့သည်။ အဆိုပါ သင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ အလယ်အလတ်အဆင့် အရာထမ်း ၃၀ တက်ရောက်ကြသည်။

သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် ယဉ်ကျေးမှုကွဲပြားခြားနားခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းနှင့် ပဋိပက္ခများ ဖျန်ဖြေခြင်း၊ နိုင်ငံစုံသံတမန်ဆက်ဆံရေးနှင့် နိုင်ငံတကာဥပဒေများ၊ လူ့အခွင့်အရေးစသည့် ဘာသာရပ်များတွင် အသိပညာတိုးတက်စေရန် ဖြစ်သည်။

UPEACE ကို ငြိမ်းချမ်းရေး၊ ပဋိပက္ခဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၈၀ ပြည့်နှစ်တွင် ကုလသမဂ္ဂမှ အပြည်ပြည်ဆိုင်ရာတက္ကသိုလ်တစ်ခုအဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ UPEACE ၏ ရုံးချုပ်သည် ကော်စတာရီကာနိုင်ငံ၌ရှိပြီး ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းယောင်းမြို့နယ်၌ စဉ်ဆက်ပညာရေးလုပ်ငန်း သင်တန်းဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုအားပေး

မိုင်းယောင်း နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ဝမ်တပ်ကျေးရွာအုပ်စု၊ ဝမ်ဘန်းကျေးရွာ၌ စဉ်ဆက်ပညာရေးလုပ်ငန်းသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ယမန်နေ့က တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

မြို့နယ်စဉ်ဆက် ပညာရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် ကော်မတီဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးထွန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုးအေးချိုနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး မုန့်၊ အအေးနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးကာ လိုအပ်သည် များကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝေဝေခိုင်(ပြန်/ဆက်)**



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်နိုင်ငံခရီးစဉ်တွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများက ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်းတို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့် ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၊ မြန်မာ–အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ နုဂ္ဂဟအသင်း(ဗဟို)၏ ဝမ်းမြောက်ဂုဏ်ယူကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၂ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုဝင်ဘာလ (၅ ရက်မှ ၁၀ ရက်အထိ) သွားရောက်ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ– ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူနိုင်ခဲ့ခြင်းတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)

## မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့်အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခြင်းတို့အတွက် မြန်မာ–အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ–အိန္ဒိယအပြည်ပြည်ဆိုင်ရာ
စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်

## မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက အထူးဂုဏ်ယူ ဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့်အပြင် အာဆီယံနိုင်ငံများမှ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာ–တရုတ် နှစ်နိုင်ငံပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့သည့်အပြင် အိမ်နီးချင်းနိုင်ငံများအတွက်ပါ အခွင့်အလမ်းကောင်းများ ဖော်ဆောင်နိုင်ခဲ့မှုအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မိမိတို့ မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာ–အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း

# မြန်မာ – တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) အဖွဲ့ထံ မကာအို – မြန်မာ ချစ်ကြည်ရေးအသင်း လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာ – တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ပါဝင်သော အဖွဲ့အား မကာအို – မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Jose Wong ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် UMFCCI ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာအသင်းဥက္ကဋ္ဌက မိမိတို့အနေဖြင့် ဆွေမျိုးပေါက်ဖော်ရင်းနှီးမှုများ ရှိပြီး မြန်မာ–တရုတ် ချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ရန်နှင့် ပိုမိုတိုးတက်ရန် အဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အသင်းအနေဖြင့် နှစ်နိုင်ငံအစိုးရချင်း၊ ပြည်သူချင်း အကျိုးရှိနိုင်မည့် လုပ်ငန်းများကို ဆက်သွယ်ဆက်စပ်တင်ပြပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အချိန်အခါသည် အစိုးရနှစ်ရပ် စာမျက်နှာသစ်၊ ခြေလှမ်းအသစ်များဖြင့် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နေသည့် ထူးခြားသည့်ကာလဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မကာအို – မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက မိမိတို့အသင်းသည် ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှုတို့ကို အဓိကထား ဆောင်ရွက်နေသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များလည်း ပါဝင်ပြီး IT ကဏ္ဍ၊ ဆေးဝါးကဏ္ဍမှစ၍ နယ်ပယ်ပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ပညာသင်လာရောက်လိုသူများကိုလည်း ဖိတ်ခေါ်ပါကြောင်း၊ လိုအပ်သည်များ ကူညီပံ့ပိုးစောင့်ရှောက်ပေးမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**သတင်းစဉ်**

## ကျောက်ဆည်ခရိုင် လူထုအခြေပြုပဟိုဌာနတွင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားတိုးတက်ရေး ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်

**ကျောက်ဆည် နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် ယနေ့ နံနက်ပိုင်းက ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးနှင့် ရုံးလုပ်ငန်းများ စနစ်ကျပြီး လျင်မြန်စွာဆောင်ရွက်နိုင်ရေး ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ရုံးစာရေးသားရခြင်း၏ ရည်ရွယ်ချက်များ၊ ရုံးစာရေးသားရာတွင် အခြေခံရမည့်အချက် (၄)ချက်၊ ရုံးစာရေးသားနည်း(၉)မျိုး၊ စာအထားအသိုနှင့် ခေါင်းစဉ်တပ်ခြင်းအကြောင်းများ သင်ကြားပေးခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ရုံးစာအမျိုးအစားအလိုက် နိဒါန်း၊ စာကိုယ်၊ နိဂုံးရေးသားနည်းများ၊ ရုံးလုပ်ငန်းသဘောတရားများနှင့် အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဝင်စာထွက်စာ၊ စာရွက်စာတမ်းများလုံခြုံစွာ ကိုင်တွယ်ထိန်းသိမ်းခြင်း စသည့် အကြောင်းအရာများ ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရုံးစာရေးသားနည်းသင်တန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်ဆည်ခရိုင်ရုံးနှင့် စဉ့်ကိုင်၊ တံတားဦး၊ မြစ်သားမြို့နယ်ရုံးများမှ သင်တန်းသား၊ သင်တန်းသူ ၉ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

ဝ–ဝ–ဝ–ဝ–ဝ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်သို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၂

၂၀၂၄ ခုနှစ် တရုတ်-အာဆီယံ လူမှုယဉ်ကျေးမှု ဆွေးနွေးဖလှယ်ရေးနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်မြောက် နှစ်ပတ်လည်အကြို လှုပ်ရှားမှုအဖြစ် တရုတ်-မြန်မာနှစ်နိုင်ငံ ကဏ္ဍစုံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းစွာမြင့်တင်နိုင်ရန်နှင့် နှစ်နိုင်ငံမီဒီယာပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၂၄ ခုနှစ် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်ကို ယနေ့ နံနက်ပိုင်းက တရုတ်နိုင်ငံ ယူနန်ပြည်နယ် မြို့တော်ကူမင်းမြို့ရှိ တျန့်ချီစုံဖိန် ဗီလာဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ယူနန်ပြည်နယ်ကောင်စစ်ဝန်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။




### တက်ရောက်

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၄၁ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ အဖွဲ့ဝင်ခုနစ်ဦး စုစုပေါင်း ၄၈ ဦးဖြင့် စုဖွဲ့တက်ရောက်ခြင်းဖြစ်ပြီး တရုတ်နိုင်ငံမှ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဖိန်းယန့်၊ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖုန်ကျွင့်ရန်၊ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းစု၊ ယူနန်ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ ယူနန်ပြည်နယ်မှ တက္ကသိုလ်ကောလိပ်များ၊ တယ်ဟုန်ပြည်နယ်ခွဲ၊ လင်ချန်းမြို့၊ ပေါင်ရှန်မြို့၊ နုကျန်းပြည်နယ်ခွဲ၊ ဖူအောမြို့၊ စစ်ဆောင်ပန်းနားပြည်နယ်ခွဲ၊ ချူရှုံပြည်နယ်ခွဲတို့မှ ပါတီကော်မတီ၊ ပြန်ကြားရေးဌာနများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ တရုတ်ယဉ်ကျေးမှုအကအဖွဲ့က "တောတောင်ရေမြေတစ်သားတည်းဖြစ်တဲ့ ပေါက်ဖော်မေတ္တာ" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အကအဖွဲ့က "ပုဂံ"အကဖြင့် ဆက်လက်၍ ဖျော်ဖြေတင်ဆက်သည်။ ထို့နောက် တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဖိန်းယန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိန့်ခွန်းပြောကြားရာတွင် တရုတ်နိုင်ငံအနေဖြင့် အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များစွာ တည်ရှိမှုနှင့်အတူ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းမှုတွင်လည်း ခေတ်မီနည်းပညာနှင့် ရှေးမှုမပျက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင် မြေငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော သဗ္ဗညုဘုရားကို ပြန်လည်ပြုပြင် မွမ်းမံရေးတွင် နည်းပညာ အကူအညီပေးပြီး ဆောင်ရွက် ပေးခဲ့ပါကြောင်း၊ ယခုကဲ့သို့ အခမ်းအနားများတွင် ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်မှုများ မြှင့်တင်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံဖလှယ်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်နက်ရှိုင်းမှု ဖြစ်ပေါ်စေပါကြောင်း၊ ယနေ့အခမ်းအနားတွင် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြခန်းများ ခင်းကျင်းပြသရာတွင်လည်း မြန်မာနိုင်ငံ၏ "ပုဂံ"နှင့် ပတ်သက်သည့် ပြခန်းအား ထည့်သွင်း ခင်းကျင်းပြသထားပါကြောင်း၊ မိမိတို့ နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးထုတ်ကုန်၊ မွေးမြူရေးထုတ်ကုန်နှင့် MSMEs ထုတ်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ဆောင်ရွက်ရန် လမ်းညွှန်ထားပြီး နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်တွင် ထည့်သွင်း၍ စိုက်ပျိုးရေးကဏ္ဍကို အလေးအနက်ထား ဆောင်ရွက်နေပါကြောင်း။ (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်မှ ပြောင်းလဲ တိုးတက်လာသည့် ခေတ်မီနည်းပညာဖြစ်သည့် AI ကဲ့သို့နည်းပညာကို အသုံးပြုပြီး အဆင့်မြင့်မီဒီယာ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အတူတကွ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အခက်အခဲနှင့် စိန်ခေါ်မှုများကိုကျော်လွှားပြီး မြန်မာ-တရုတ် ဆက်ဆံရေးကို ခေတ်သစ်တွင် ပိုမိုကြီးမားသည့် တိုးတက်မှုများရရှိစေရန်၊ နှစ်နိုင်ငံပြည်သူများ အတူတကွလက်တွဲပြီး ပိုမိုသာယာချမ်းမြေ့သည့် အနာဂတ်ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ "မင်္ဂလာပါ မျှော်လင့်ခြင်း လယ်ယာမြေ" ပထမအသုတ် စိုက်ပျိုးရေးစီမံကိန်း မိတ်ဆက်ကြေညာ လက်စွဲစာအုပ်ကို ယူနန်ပြည်နယ် လယ်ယာစိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင် လျိုကျန့်ကော်နှင့် ASIA Flower Mall Myanmar Co,Ltd.MD ဒေါ်ဖွေးဖွေးသန့်တို့က မိတ်ဆက်ပြောကြားကြသည်။

ယင်းနောက် Bilibili မြန်မာဘာသာ Online တင်ဆက်သူ သိုက်နီး (ဆောင်းနေခြည်)နှင့် MRTV မှ မြနန္ဒာတို့က "မင်္ဂလာညီအစ်မ အတူပြောကြ" နိုင်ငံတကာ ပြန်ကြားရေးစီမံကိန်း ပထမအပတ်စဉ်Videoတေးသီချင်းကို နောက်ခံဖြင့် မိတ်ဆက်ပြောကြားကြသည်။ ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ "မွှေးရှုရည်" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး ယူနန် YICC မှ ဒေါက်တာထိုက်လွင်ကိုက "ယူနန်လို့ခေါ်တဲ့ ဘဝနေထိုင်မှုတစ်မျိုးရှိတယ်" ပေါက်ဖော် ပြန်ကြားသူ စီမံချက်အား ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်

ထို့နောက် ယူနန်နေ့စဉ်သတင်းစာအဖွဲ့ ပါတီကော်မတီ အတွင်းရေးမှူး သတင်းစာအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဟယ်ဇူးခွင်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က ၂၀၂၄ အွန်လိုင်း New Media မွမ်းမံသင်တန်း ပူးတွဲကျင်းပရေး (LOI) အားလည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ/ညွှန်ကြားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ထွေးတို့က တရုတ်-မြန်မာ စိုက်ပျိုးရေးလုပ်ငန်း အရည်အသွေးသစ်ကုန်ထုတ်စွမ်းအင်တီဗွီအစီအစဉ် အတူတကွဖန်တီးရေး (LOI )ကို လည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ/ညွှန်ကြားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ရွှေဇာမဏီ သတင်းစာတိုက်မှ အထွေထွေမန်နေဂျာ ဒေါ်ချိုသက်ထွန်းတို့က "ရွှေဇာမဏီ" တရုတ်ဘာသာ သတင်းစာတိုက် မီဒီယာများနှင့် သတင်းကဏ္ဍ ၂၀၂၅ ခုနှစ် ပူးပေါင်းဆောင်ရွက်ရေးအတွက် လည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ/ညွှန်ကြားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ဩကာသစာပေမှ တာဝန်ခံ ဦးဟိန်းလတ်တို့က တရုတ်-မြန်မာ နိုင်ငံတကာပြန်ကြားရေးနှင့် ဘာသာပြန်အလုပ်ရုံ ပထမအသုတ်ဂန္ထဝင်စာပေများ အပြန်အလှန် ဘာသာပြန်ဆိုထုတ်ဝေရေးစီမံကိန်းကို လည်းကောင်း၊ တယ်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီ ပြန်ကြားရေးဌာန ဒုတိယဦးစီးမှူး ပြည်နယ်ခွဲအစိုးရ သတင်းရုံးခန်းဌာနမှူး လီဇုန်းမင်နှင့် မြန်မာ-တရုတ်ယဉ်ကျေးမှု ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးအသင်းဥက္ကဋ္ဌ လျိုဝေတို့သည် တရုတ်-မြန်မာ ခရီးသွားထွက်ကုန် မိတ်ဆက်ခြင်း၊ ခရီးသွားပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းကိုလည်းကောင်း LED ပေါ်တွင် လက်ရာတင်၍ စက်ခလုတ်နှိပ်ပြီး လုပ်ငန်းများစတင်၍ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ်အခမ်းအနားကို တရုတ်နိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဖိန်းယန့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။ ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဧည့်သည်တော်များနှင့် အကြီးအကဲများက ဟိုတယ်အတွင်း ခင်းကျင်းပြသထားသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ယွန်းထည်လက်မှုပညာ ပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ မြန်မာနိုင်ငံဆိုင်ရာ သဘာဝရှုခင်းများ၊ ယဉ်ကျေးမှု၊ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဓာတ်ပုံပြခန်းများ အပါအဝင် ယူနန်ပြည်နယ်မှ ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရုပ်သေးအကအဖွဲ့နှင့် ယူနန်ပြည်နယ်မှ ရုပ်သေးအကတို့ ယှဉ်တွဲဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။ **သတင်းစဉ်**

## မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဆိုင်ရာ AI သင်တန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၂

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဆိုင်ရာ AI (ဉာဏ်ရည်တုနည်းပညာ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါသင်တန်းဖွင့်ပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်၍ အမှာစကားပြောကြားရာတွင် ယနေ့ခေတ်နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ မြန်ဆန်လျက်ရှိပြီး နိုင်ငံတကာ၌ AI ကို စက်မှုလုပ်ငန်းများအပြင် အခြားလူမှုစီးပွားကဏ္ဍလုပ်ငန်းစုံတွင် တွင်ကျယ်စွာအသုံးပြုလာကြပြီဖြစ်ရာ နည်းပညာဖွံ့ဖြိုးမှုနောက်မကျစေရန်၊ ပြည်သူ့အကျိုးစီးပွားအတွက် အမှန်တကယ်အားထားရသော ခေတ်မီနည်းပညာရှင်ကောင်းများကို ပျိုးထောင်ပေးရန်၊ စီမံကိန်းမှရရှိသော နိုင်ငံတကာနည်းပညာ မျှဝေဖလှယ်မှုများကို အခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွေ့ကျကျအသုံးချနိုင်ရေး ဆက်စပ်ဌာနနှင့် အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး သင်တန်းဆရာများက မိတ်ဆက်စကားပြောကြားကြသည်။

အခမ်းအနားသို့ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် ပြင်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စီမံကိန်းအဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာ ၂၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသားမိုဟာမက်ဘင်ဆာလ်မန်း ဂါဇာနှင့် လက်ဘနွန်အပစ်အခတ်ရပ်စဲရေးတောင်းဆို



**ရီယာ့ဒ် နိုဝင်ဘာ ၁၂**

ဆော်ဒီအာရေဗျ အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆာလ်မန်းက နိုဝင်ဘာ ၁၁ ရက်တွင် ဂါဇာကမ်းမြောင်ဒေသနှင့် လက်ဘနွန်နိုင်ငံတို့၌ အပစ်အခတ်ရပ်စဲရေးတောင်းဆိုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရီယာ့ဒ်မြို့တော်၌ လက်ခံကျင်းပသော အာရပ်ထိပ်သီး ညီလာခံဖွင့်ပွဲတွင် ၎င်းအမှာစကားပြောကြားရာ ယင်းကဲ့သို့ တောင်းဆိုလိုက်ခြင်းဖြစ်သည်။

အစ္စရေးတို့၏ဆက်လက်တိုက်ခိုက်မှုကြောင့် စစ်ဘေးသင့်နေရသော ပါလက်စတိုင်းနှင့် လက်ဘနွန်ညီအစ်ကိုများဘက်မှ ဆော်ဒီအာရေဗျကရပ်တည်သည်ဟုလည်း ဆော်ဒီအာရေဗျအိမ်ရှေ့မင်းသားက အတိအလင်းထုတ်ဖော်ပြောကြားသည်။

မိမိတို့နိုင်ငံနှင့်ဆက်ဆံရေးကောင်းမွန်စပြုလာပြီဖြစ်သော အီရန်နိုင်ငံကိုလည်း အစ္စရေးဘက်က တိုက်ခိုက်ခြင်းမပြုရန် ၎င်းက ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



## ပါလက်စတိုင်းနိုင်ငံ သတ်မှတ်အတည်ပြုခြင်းကိစ္စ အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒီယွန်ဆား လက်မခံ

**ဂျေရုဆလင် နိုဝင်ဘာ ၁၂**

ပါလက်စတိုင်းနိုင်ငံ သတ်မှတ်အတည်ပြုခြင်းကိစ္စကို မိမိလက်မခံဟု အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒီယွန်ဆား နိုဝင်ဘာ ၁၁ ရက်က ဝေဖန်ထောက်ပြခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

"ဒီအနေအထားဟာ ဒီကနေ့ခေတ်မှာ အစစ်အမှန်ဘဝနဲ့မနီးစပ်သေးဘူးလို့ ကျွန်တော်ထင်မြင်မိတယ်။ ကျွန်တော်တို့အနေနဲ့ အစစ်အမှန်ဘဝနဲ့ ထပ်တူကျရမှာဖြစ်ပါတယ်"ဟု မကြာသေးမီက ခန့်အပ်ခြင်းခံရသော ထို အစ္စရေးနိုင်ငံခြားရေးဝန်ကြီးက ရှင်းလင်းပြောပြသည်။

ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင်ဟောင်း ယာဆာအာရာဖတ်ကွယ်လွန်ခြင်း နှစ် ၂၀ ပြည့်ကာလမတိုင်မီ ပါလက်စတိုင်းသမ္မတ မာမွတ်အက်ဘတ်စ်ပေါ်ကြားခဲ့သောစကားကို ယင်းအစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒီယွန်ဆားက တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ပါလက်စတိုင်းလူမျိုးများ ကိုယ်ပိုင်အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးရမှသာ မိမိတို့နိုင်ငံ၏ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်မည်သာဖြစ်သည်ဟု မာမွတ်အက်ဘတ်စ်က ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

## ဇုစ်ကုမ္ပဏီ၏ မောင်းသူမဲ့အငှားကားများကို အမေရိကန်ပြည်ထောင်စု၌ စမ်းသပ်လျက်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁၂**

ဇုစ်ကုမ္ပဏီ၏ မောင်းသူမဲ့ V လျှပ်စစ်အငှါးကားများကို အမေရိကန်ပြည်ထောင်စု၌ စမ်းသပ်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၂ ခုနှစ်ကတည်းက တီထွင်ပြီးခဲ့သော အဆိုပါမောင်းသူမဲ့လျှပ်စစ်ကားကို ဇုစ်ကုမ္ပဏီအနေဖြင့် ၂၀၂၃ ခုနှစ်ဖေဖော်ဝါရီလတွင် ကာလီဖိုးနီးယားပြည်နယ် ဖော်စတာမြို့၌ အများသုံးလမ်းပေါ်သို့တင်ပြီး စတင်စမ်းသပ်နိုင်ခဲ့သည်။

ဖြန့်ဖြူးမရောင်းချမီ အသင့်ဖြစ်နေစေရန်အတွက် ဇွန်လထဲတွင် ထိုကားကို လတ်စ်ဗီးဂတ်စ်မြို့၌ လမ်းပေါ်တင်ပြီး ထပ်မံ စမ်းသပ်မောင်းနှင်ကြည့်ခဲ့ပြန်သည်။

လတ်စ်ဗီးဂတ်မြို့တွင် စမ်းသပ်ရာတွင် ဇုစ်ကုမ္ပဏီရုံးချုပ်အနီး တစ်မိုင်သာလမ်းပိုင်းအရှည်သတ်မှတ်ပြီး တစ်နာရီလျှင် ၃၅ မိုင်နှုန်းဖြင့် မောင်းနှင်ကြည့်ခဲ့သည်။

ယခုနှစ်စောစောပိုင်းတွင် လတ်စ်ဗီးဂတ်စ်မြို့တွင်း လမ်းပိုင်းအရှည် ၅ မိုင်သတ်မှတ်ပြီး မောင်းနှင်ခဲ့ရာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းအထိရောက်ရှိခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0





တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ပြုလုပ်လျက်ရှိသည့် (၇)ကြိမ်မြောက် တရုတ်နိုင်ငံတကာသွင်းကုန်ပြပွဲ CIIE တွင် စိတ်ဝင်စားဖွယ် အသစ်ခင်းကျင်းပြသထားသော ထုတ်ကုန်အသစ်များကို တွေ့ရစဉ်။ ဆင်ဟွာ

## ယူနန်ပြည်နယ် လီကျန်းမြို့တွင် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဈေးကွက်အရှိန် ဆက်လက်မြင့်တက်လာ



**လီကျန်း နိုဝင်ဘာ ၁၂**

မကြာသေးမီနှစ်များတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် လီကျန်းမြို့သည် ကမ္ဘာ့ယဉ်ကျေးမှု ခရီးသွားလာရေးမြို့အဖြစ် တည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် လီကျန်းရှေးဟောင်းမြို့၊ ယွီလုန်နှင်းတောင်စသည့် ရှုခင်းသာနေရာများ၏ အရည်အသွေးကို ဆက်လက်မြှင့်တင်ခြင်း၊ ဝန်ဆောင်မှု အာမခံချက် အစီအမံများ အားကောင်းအောင် ဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ဈေးကွက်အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ လီကျန်းမြို့တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည် ခရီးစဉ် အကြိမ်ရေ ၆၈ ဒသမ ၆၆၃ သန်းကို ကြိုဆိုလက်ခံခဲ့ပြီး ကာလတူထက် ၂၀ ဒသမ ၇၁ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း စာရင်းဇယားများအရ သိရသည်။ **ဆင်ဟွာ**

## ရင်းနှီးမြှုပ်နှံသူများရာနှင့်ချီ၍ လိမ်လည်ခံရပြီးနောက် ဟန္ဖိုင်းမြို့လယ်ရှိ ဂျီအက်ဖ်ဒီအိုင်ကုမ္ပဏီကို ရဲဝင်စစ်ခံရ

**ဟန္ဖိုင်း နိုဝင်ဘာ ၁၂**

ရင်းနှီးမြှုပ်နှံသူများရာနှင့်ချီ၍ လိမ်လည်ခံရပြီးနောက် ဗီယက်နမ်နိုင်ငံ ဟန္ဖိုင်းမြို့လယ်ရှိ ဂျီအက်ဖ်ဒီအိုင်ကုမ္ပဏီကို နိုဝင်ဘာ ၁၁ ရက်က ရဲဝင်စစ်ခံရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရင်းနှီးထည့်ဝင်ထားသော ငွေများ ပြန်ရလိုမှုဖြင့် မကျေမနပ်ဖြစ်ကာ ယင်းကုမ္ပဏီရုံးချုပ်ရှေ့၌ လူပေါင်း ၃၀၀ ခန့် စုဝေးဆန္ဒပြခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များ ရှောင်တခင်ဝင်ရောက် စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ထိုကုမ္ပဏီက လူပေါင်း ၇၀၀၀ကျော်ထံမှ အတိုးများများပေးကာ ငွေချေးယူခဲ့ပြီးနောက် ပြန်မဆပ်နိုင်တော့သည့် ပြဿနာကြုံတွေ့နေရခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## တရုတ်နိုင်ငံတောင်ပိုင်းရှိ ဇူဟိုင်းမြို့အားကစားရုံထဲသို့ ကားဝင်တိုက်မှုဖြစ်ပွား လူ ၃၅ ဦးသေဆုံး ၄၃ ဦးဒဏ်ရာရ

**ပေကျင်း နိုဝင်ဘာ ၁၂**

နိုဝင်ဘာ ၁၁ ရက်က တရုတ်နိုင်ငံတောင်ပိုင်းရှိ ဇူဟိုင်းမြို့အားကစားရုံထဲသို့ ကားဝင်တိုက်မှုဖြစ်ပွားရာ လူ ၃၅ ဦး သေဆုံးပြီး ၄၃ ဦးဒဏ်ရာရခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၆၂ နှစ်အရွယ် အမျိုးသားတစ်ဦးမောင်းနှင်လာသောကားက အုပ်စု ၆ စုဖွဲ့ပြီး ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်နေသူများ၊ လမ်းလျှောက်နေသူများရှိရာ အားကစားရုံထဲအထိ ကားမောင်းဝင်လာခဲ့ပြီးနောက် အားကစားကွင်းထဲ လှည့်ပတ်မောင်းနှင်ကာ တွေ့သမျှလူကို ကားဖြင့်ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ကားတိုက်မှုကျူးလွန်သူသည် ဇနီးနှင့်ကွာရှင်းပြီးနောက် ခွဲဝေရရှိသည့် ပိုင်ဆိုင်မှုကိစ္စအပေါ် မကျေမနပ်ဖြစ်ကာ ရမ်းကားစွာ ပြုမူခဲ့ခြင်းဖြစ်နိုင်သည်ဟု ဆိုသော်လည်း ၎င်းကိုဖမ်းဆီးရမိသည့်အချိန်တွင် ရှင်လျက်နှင့် စကားမပြောနိုင်၊ မလှုပ်ရှားနိုင်တော့သဖြင့် စစ်ချက်ရယူနိုင်ခြင်းမရှိဘဲ ဆေးရုံသို့ ပို့လိုက်ရသည်။

အခင်းဖြစ်အားကစားရုံသည် ဇူဟိုင်းလေကြောင်းပြပွဲကျင်းပမည့်နေရာနှင့် ၂၄ မိုင်သာကွာဝေးကြောင်းသိရသည်။

**Mon**

STOP AIDS

# မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဇာတ်တိုက် လေ့ကျင့်



**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ပြည်သူများအတွက် မီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်လျက်ရှိသည့်နည်းတူ၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် အရေးပေါ်မီးငြိမ်းသတ်နည်း ပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများကို၊ ကျောင်း အခြေပြုဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီခွဲက လယ်ယားတောင်ကျေးရွာအုပ်စုရှိ International Private School (IPS-II) ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းမြင့်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်ခြောက်ဦးတို့သည် လယ်ယားတောင်ကျေးရွာအုပ်စုရှိ International Private School (IPS-II) ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများအား မီးသတ်ဦးစီးဌာန၏လုပ်ငန်းတာဝန်များ၊သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုများ၊ မီးလောင်ရာတွင် အရေးပေါ်ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိရမည့်လုပ်ငန်းများကို ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူလေးများအား အသိပညာပေး ရှင်းလင်းဟောပြောသည်။

ယင်းနောက် ကျောင်းရှေ့မြက်ခင်းပြင်တွင် မီးသတ်ဆေးဘူး၏ အသုံးပြုနိုင်မည့် သက်တမ်းနှင့် မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်းများကို လက်တွေ့သရုပ်ပြသခြင်းနှင့် ပါဝင်လုပ်ဆောင်စေခြင်း၊ ဆီမီးလောင်မှုအား အလွယ်တကူ မီးငြိမ်းသတ်ခြင်းအား လက်တွေ့ပူးပေါင်း ပါဝင်ဆောင်ရွက်စေခြင်းတို့ကို ပညာပေးဆောင်ရွက်ခဲ့ကြသည်။ ယင်းနောက် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်များနှင့် ကွန်ပျူတာခန်းတို့တွင် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ မီးသတ်ဆေးဘူးများ သက်တမ်းလွန်မှု ရှိ၊ မရှိတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ကျောင်းတာဝန်ခံနှင့် ဆရာ၊ ဆရာမများအား အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၅၆)**

# ဇီးကုန်းတိုက်နယ်အတွင်း ကျေးရွာအချို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်များ မီးလောင်ဆုံးရှုံးသွားကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇီးကုန်းတိုက်နယ်အတွင်းရှိ ကျောင်းကုန်း၊ ဖိုလ်ကုန်းနှင့် သပြေသာရွာတို့ကို နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်များ မီးလောင်ဆုံးရှုံးသွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**လုပ်ကြံရေးသား**

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ အဆိုပါရက်များတွင် ၎င်းကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာများ မီးရှို့ဖျက်ဆီးမှု မရှိကြောင်း၊ အကြမ်းဖက်သမားများသည် "ငါနဲ့မတူ ငါ့ရန်သူ" ဟူ၍ အယူဝါဒဖြင့် ၎င်းတို့အား ထောက်ခံ အားပေးမှုမရှိသည့် ရပ်ကွက်၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းများ ကျူးလွန်လျက်ရှိပြီး ယင်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းများကို လုပ်ကြံရေးသားပြီး လူမှုကွန်ရက်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**






# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**အောင်လံ နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ပလတ်စတစ် ကြွပ်ကြွပ်အိတ်အစား ၄က်ပျော ဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်မသုံးစွဲရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး Campaign များ ဆောင်ရွက်လျက်ရှိရာ အဖွဲ့ပိုင် မြို့မဈေးကြီး၌ အဆိုပါ Campaign အား ပြုလုပ်ခဲ့ပြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ စည်ပင်ကော်မတီများက ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

# မဟာအောင်မြေမြို့နယ်တွင် ငွေစက္ကူအတုများ ဖမ်းဆီးရမိ

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၃၇-အေလမ်းနှင့် ၆၆-အေလမ်း ထောင့်ရှိ တည်းခိုခန်းတွင်အမျိုးသား တစ်ဦးအား ငွေကျပ် တစ်သောင်းတန် ငွေစက္ကူအတုများနှင့် ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၆ ရက် ညနေ ၆ နာရီက အမှတ်(၉) မြို့မရဲစခန်းမှ ဒုတိယရဲအုပ် ဇန်ဘွဲ့လျှန်နှင့်အဖွဲ့သည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် သတင်းအရ ၃၇-အေလမ်းနှင့် ၆၆-အေလမ်းထောင့်ရှိ တည်းခိုခန်းအား သွားရောက်စစ်ဆေးရာမှ ဝန်ထမ်း ဇော်အောင်(ငွေစာရင်း) အား ငွေကျပ် တစ်သောင်းတန် ငွေစက္ကူအတု ၈၇ ရွက်နှင့် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ငွေကျပ်တစ်သောင်းတန် ငွေစက္ကူများအား လက်ဝယ်ထားရှိသူ ဝန်ထမ်းဇော်အောင်(၂၈)နှစ်အား အမှတ်(၉)မြို့မရဲစခန်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၀၅၇)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၇ ရက် ည ၁၀ နာရီ ၄၀ မိနစ်က သက်သေများနှင့်အတူ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ သာစည်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် ဇော်ထက်အောင်(ခ)သားကြီးနှင့်မသဲ ဆိုသူတို့၏ လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇော်ထက်အောင်(ခ)သားကြီး(၃၅)နှစ်နှင့် မသဲ(၄၁)နှစ်ဆိုသူတို့အား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နိုဝင်ဘာလ ၉ ရက် ညနေ ၄ နာရီ ၄၅မိနစ်တွင် သက်သေများနှင့်အတူ ကျိုင်းတုံမြို့၊ ရပ်ကွက်(၅)တွင် ကျကျိုခမ်းဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ် ဆေးပြား ၂၂၀၀ အားလည်းကောင်း၊ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ်၊ မိုင်းဇင်းကျေးရွာအနီးတွင် အားဒိုဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀ အားလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျကျိုခမ်း(၃၂)နှစ်နှင့် အားဒို(၃၆)နှစ်ဆိုသူတို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက် ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*





# ရွှေဆံနွယ်မှသည် ပုလဲဆီသို့



စာပေတင်းကုပ်၏ရင်ဘတ်တူသူ စာပေမောင်နှမများ ချစ်ခင်စည်းလုံးစွာ အတူဆုံတွေ့ကြရသည့် ဟေမန္တဆောင်းဦးမနက်၏ စာပေခရီးကား ‘ရွှေဆံနွယ်မှသည် ပုလဲဆီသို့’ ဟုကဗျာဆန်ဆန်အမွှန်းကလေးဖြင့် ခေါင်းစဉ်တပ်ကာသည်ဆောင်းပါးအား ချရေးလိုက်ရခြင်းဖြစ်သည်။ ဆောင်းသစ်ဦး၏ နှင်းဇာပဝါပါးအောက်တွင် ဂေါ်သဇင်ပန်းတို့ ဖူးတံဝင့်နေသည့် နေခြည်နုနုနံနက်ခင်း။ ထိုနံနက်ကား ၂၀၂၄ခုနှစ်၏ နိုဝင်ဘာလ ၃ရက် တနင်္ဂနွေ မင်္ဂလာရက်မြတ်အခါဟုဆိုရပါမူ…

‘ကျွန်တော်တို့ စာပေတင်းကုပ် စာပေမောင်နှမများ ကားလေးစီးဖြင့် မန္တလေးတိုင်းဒေသကြီး ၊စဉ့်ကိုင်မြို့နယ်၊ ရွှေဆံနွယ် ရတနာဖြိုးဝေကျောင်းတိုက်ကြီးသို့ ပြုံးပန်းဝေဆာညီညာညာနှင့် ရောက်ရှိခဲ့ကြရသည်။ ထိုဆုံစည်းခြင်း၏ မူလဘူတကား စာရေးဆရာ ဇော်မြင့်မိုရ်(မီးရထား)၏သမီးရတနာ အာဝါဟ ဝိဝါဟ လက်ထပ် မင်္ဂလာဆွမ်းကပ်အခမ်းအနားသို့ စာပေတင်းကုပ်စာပေမောင်နှမများ ကြွရောက် ချီးမြှောက်ပါရန် ဖိတ်မန္တကကြောင့် ဤသို့ ရောက်ရှိခဲ့ကြရခြင်း ဖြစ်လေသည်။

ပြီးခဲ့သည့်နှစ်ပတ်ကျော်လောက်ကတည်းကနန်းတော်ရှေ့ စာပေတင်းကုပ် ရေနွေးကြမ်းဝိုင်းတွင် ဆရာဇော်မြင့်မိုရ်(မီးရထား)က ဖိတ်စာကြိုဝေခဲ့ခြင်းဖြစ်သည်။ မန္တလေး၊ ပုသိမ်ကြီး၊ အင်းဝ၊ စစ်ကိုင်း ဒေသအသီးသီးမှ ရင်ဘတ်တူစာပေမောင်နှမများအား ကြွရောက်ချီးမြှင့်ပေးပါရန် အနူးအညွတ်ဖိတ်ကြားထားရာ ဆရာအောင်တင်ဝင်း (ငါ့သရောက်)က ထိုမင်္ဂလာနေ့ရက်မြတ်တွင် စုံစုံညီညီပျော်ပျော်ပါးပါး အတူသွားကြရန် ထို့အပြင် ရွှေဆံနွယ်ဆရာတော်အားဖူးမြော်၍ ကထိန်သင်္ကန်းဆပ်ကပ်ခြင်း၊ ခရီးတစ်ကြောင်းတည်းဖြစ်ရာ မဝေးလှတော့သော ဘဝဆည်းဆာ ဓမ္မရိပ်သာသို့ ဘဒ္ဒန္တပညာဝံသ(ပုလဲဆရာတော်)အား ဖူးမြော်ကာ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် စာပေစကားဝိုင်းလေးပြုလုပ်ရန် ဘိုက်ဘာနှင့်တစ်မျိုး တယ်လီဖုန်းနှင့်တစ်သွယ် သတိပေးစေ့ဆော်ခဲ့သည်။

ရင်းနှီးပြီးသော စာပေမိတ်ဆွေကြီးဖြစ်သည်က တစ်ချက်၊တစ်ခါမျှ မရောက်ဘူးသေးသော စာပေနှင့်ဓမ္မရင်ခွင်ဖြစ်သည့် ရွှေဆံနွယ်ရတနာဖြိုးဝေကျောင်းတိုက်နှင့် ဘဝဆည်းဆာဓမ္မရိပ်သာတို့အား ရောက်ဖူးလိုသည်လည်း တစ်ချက်၊ ချစ်ခင်လေးစားရသည့်စာပေမောင်နှမများနှင့် ဆုံစည်းရမည်လည်းတစ်ချက်ကြောင့် အလုပ်မအားသည့်ကြားက အလုပ်ဖျက်၍ ကျွန်တော်တို့ စာပေစေတမန် ဆရာတပည့်နှစ်ယောက်အားခဲကာ လိုက်ပါခဲ့ရခြင်း ဖြစ်သည်။ ရေခံမြေခံကောင်း၍ သစ်ကြီးဝါးကြီး အရိပ်ကောင်းသောရွှေဆံနွယ်သာသနာ့နယ်မြေသို့ ခြေချလိုက်ရသည်ဆိုလျှင်ပဲ ရင်ကိုအေးမြစေခဲ့ပါသည်။ ကျွန်တော်တို့ စာပေဧည့်သည်တော်များအား မင်္ဂလာသတို့သား၊ သတို့သမီးတို့က နွေးထွေးပျူငှာစွာ ကြိုဆို၍ဧည့်ခံကြလေသည်။

မင်္ဂလာအခမ်းအနားစတင်သောအခါ မင်္ဂလာတရားဟောကြားရေစက်ချရန် မင်္ဂလာအခမ်းအနားကျင်းပရာ ဓမ္မဗိမာန်တော်သို့ ဆရာတော်ဘုရားအားပင့်ကြိုရာတွင် မင်္ဂလာဝတ်စုံ ဆင်တူဝတ်ဆင်ထားပါသော ကျွန်တော်တို့ဆရာတပည့်က ဆရာတော်အား ထီးဖြူတော်မိုးရန် တာဝန်ပေးသဖြင့် ရင်ခုန်လှိုက်မော ပီတိသောမနသဖြစ်မိပါသည်။ မင်္ဂလာရေစက်ချအခမ်းအနားတွင် ဆရာစိုးဝင်း(ဆ·သ·ရ)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်မှာလည်း ကြည်နူးချမ်းမြေ့စရာ တွေ့ရလေသည်။ ဆရာတော်သံဃာတော်များ နေ့ဆွမ်းဘုဉ်းပေးပြီးသောအခါ ဆရာတော်အား အမှတ်တရလက်ဆောင်စာအုပ်များ ဆပ်ကပ်ကာ မိတ်ဆက်လျှောက်ထားခြင်း အစီအစဉ် အကျဉ်းလေးပြုဖြစ်ကြသည်။ ဆရာတော်ဘုရားက ရွှေဆံနွယ်ဓမ္မမဂ္ဂဇင်းအား တစ်ယောက်တစ်အုပ်ဆီ ပြန်လည်ချီးမြှင့်ကာ စာပေနှင့်ဩဝါဒစကား မြွက်ကြားနာယူကြပြီး ရတနာဖြိုးဝေကျောင်းတိုက်မှ စဉ့်ကိုင်မြို့နယ် ကျောက်တန်းကျေးရွာ ပုလဲဆရာတော်၏ဘဝ ဆည်းဆာဓမ္မရိပ်သာသို့ ခရီးဆက်ခဲ့ကြသည်။

တစ်ခါမျှမရောက်ဖူးသေးသော ရှုခင်းများဖြစ်သည့် စိမ်းညို့ညို့သရက်တောကြီးများ စပါးစိုက်ခင်းများကို ငေးမောကာ မွန်းလွဲနှစ်နာရီမှာ ဘဝဆည်းဆာဓမ္မရိပ်သာမုခ်ဦးသို့ ဆိုက်ရောက်လာခဲ့ကြသည်။ ပုလဲဆရာတော်ကြီး၏ သာသနာ့နယ်မြေက ရွှေရည်ခြုံလွှမ်း ရွှေရောင်ဆမ်းထားသည့် နေကြာပန်းခင်းကြီးများက ရှုမျှော်မဆုံးအောင် ကြိုလင့်နေကြသည်။ အော်·· ဒါသည်ပင်ဇမ္ဗူဒီပါလက်ျာတောင်ကျွန်း ဩဘာနိမိတ်ထွန်းဟူသော ရှေးကဝိတို့အဆိုအမိန့်နှင့်အညီ သည်ဆရာ၊ သည်ဒကာ၊ သည်ဆာယာ၊ သည်စာပေက အရှည်သာအနေကြာတိဋ္ဌတု ညွှန်းပြုဘိအလားဟု တွေးလိုက်မိသည်။ ကျွန်တော်တို့စာပေတင်းကုပ် ဝိုင်းတော်သားများ ဆွမ်းစားဆောင်သို့ ရောက်သည်ဆိုလျှင်ပဲ ရေနွေးကြမ်း၊ လက်ဖက်၊ငါးမုန့်ကြော်စသည့် စားဖွယ်သောက်ဖွယ်များဖြင့် ကြိုလင့်နေကြသော အာဝါသိက ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများအား အထူးပင် လေးစားမိသည်။

တကယ်ဆို ထိုနေ့အဖို့ အချိန်များက တန်ဖိုးရှိလှပါပေသည်။ရသည့်အချိန်က နည်းလွန်းလှသည်။ နေမညိုမီ ဌာနေကို ပြန်ကြရဦးမှာမို့ ဆရာတော်အား မိမိတို့အစီအစဉ်ဖြင့် စာအုပ်နှင့်လှူဖွယ်များ ဆက်ကပ်ကြသည်။ စာပေတင်းကုပ်မှ အသက်ဂုဏ်ဝါကြီးကြသည့်ဆရာကြီးများက အများကိုယ်စားဆရာတော်အား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်များ ကပ်လှူပြီး စာပေ၊ကဗျာရွတ်ပွဲကလေးအား အပြေးအလွှားပြုလုပ်ကြရသည်။ ဆရာတော်ကိုယ်တိုင်ပင် ကဗျာတစ်ပုဒ် ရွတ်ဆိုချီးမြှင့်သလိုလိုက်ပါလာကြသည့် စာပေတင်းကုပ်ဝိုင်းတော်သားများကလည်း အလိုက်တသိ စာပေစကားတို၊ ကဗျာတို ကလေးများဖြင့် ရွတ်ဆိုကြသည်မှာ ရွှေရောင်လွှမ်းသည့် နေကြာပန်းခင်းကြီးနှင့်အပြိုင်ပဏာရလှပါဘိ။

ဆရာတော်၏ အမြော်အမြင်ကြီးမားစွာ ဘဝဆည်းဆာဓမ္မရိပ်သာကြီး ပြီးစီးအောင်မြင်သောအခါသည်နေရာ သည်အရပ်သည် ဘဝ၏ဆည်းဆာချိန်တွေကို ဓမ္မရသစာပေရသဖြင့် ပသာဒဖြစ်မည်မှာမုချပင်။ဆရာတော်၏စာကြည့်တိုက် နဖူးစည်းတွင် ဝင့်ကြွားနေသည့် ‘ငါသည် ပရဟိတအတွက်ဖြစ်ရမည်။ပရဟိတသည်ငါ့အတွက် မဖြစ်စေရ’ ဟူသောဆောင်ပုဒ်သည် ဆရာတော်၏မြင့်မြတ်သော လောကအတွက်ထားရှိသည့် ကြည်ညိုမှတ်သားစရာ ဥဒါန်းသစ္စာပေမို့ ကျွန်တော့်နှလုံးသားမှာ ကမ္ပည်းတင်ကျန်ရှိနေပါသည်။ ဘဝဆည်းဆာဓမ္မရိပ်သာ၏ တည်နေရာကား အနုပညာဝါသနာထုံသူတို့အတွက် ရှိုက်မက်စရာအတိ။ ဇော်ဂျီမြစ်ကို မေးတင်ကာ စိမ်းစိုညို့ဝေနေသည့် သရက်အစရှိသည့် အပင်ကြီးငယ်များ စပါးနှင့်ရာသီသီးနှံစိုက်ခင်းများ ဝန်းရံနေသည့် သုခုမစာပေရသ သာသနာ့နယ်မြေပါပဲ။

စာပေစကားဝိုင်းလေးပြီးတော့ ညနေလေးနာရီ။ ဆရာတော်တည်ထောင်ထားသည့် စာကြည့်တိုက်ကို ဝင်ရောက်လေ့လာခွင့်ရသည်။ သုတရသ မျိုးတူစု အလွန်စုံသော စာအုပ်စင်ကြီးများက စီရရီ။နွေမှာ တောင်လေ၊ ဆောင်းမှာ မြောက်လေတသုန်သုန် အတားအဆီးမဲ့ နှဆော်သောလေ ကောင်းလေသန့်ကိုရှူကာ အရိပ်အာဝါသကောင်းလှသည့် သည်စာကြည့်တိုက်ကြီးသည် လူပေါင်းများစွာတို့၏ မျက်လုံးအသိန်းအသန်းကို ပေးလှူရာလောက စက္ခုဒါနစင်တာကြီးပါလားလို့ အားရပီတိဖြစ် မဆုံးအောင်ပါပဲ။ ဘဝဆည်းဆာ ဓမ္မရိပ်သာကပြန်တော့ ညနေလေးနာရီကျော်ပြီ။အပြန်ခရီးမှာ စာပေနှင့် သာသနာ့နယ်မြေနှစ်ခုကို ခြေချခွင့်ရခဲ့သည့် လွန်လေပြီဖြစ်သောနာရီပိုင်း၏ အတိတ်ကိုတွေးကာ ဆည်းဆာအလှကိုငေးရင်း အားမလို အားမရ။

သည်ခရီးမှာအတူဆုံကြသည့် စာပေ မိသားစုဆရာကြီး၊ ဆရာမကြီးများနှင့် နောက်တစ်ခါလောက် တော့ဆုံချင်မိသည်။ အမှတ်ရရရွှေဆံနွယ်မှာစုပေါင်း ဓာတ်ပုံရိုက်တော့ မန္တလေးနေ့စဉ်မှ အယ်ဒီတာ ဆရာကိုကိုနိုင်(နိုင်ဗလ)နှင့်အတူပခုံးဖက်ကာ ဓာတ်ပုံရိုက်ဖြစ်တော့လေးစားရသည်။ ဆရာတစ်ယောက်၏ မာနကင်းပြီး ခင်မင်တတ်ပုံကိုလည်း ရင်မှာအေးမြပီတိဖြစ်ရပါသည်။ ကျွန်တော်တို့စာပေတင်းကုပ် ဝိုင်းတော်သားများရောက်ဖြစ်ခဲ့သည့် သည် ‘ရွှေဆံနွယ်မှသည်ပုလဲဆီသို့’မင်္ဂလာစာပေခရီးတွင် ထူးခြားသောဝိသေသနှစ်ခုမှာ ရတနာဖြိုးဝေ ရွှေဆံနွယ်တောရပရိယတ္တိစာသင်တိုက်ကြီးက သံဃာတော်အပါးနှစ်ရာကျော် စာပေပရိယတ္တိသင်ကြားရာ ဂန္ထဓုရသာသနာ့ရွှေမြေအစစ်ဖြစ်သလို ဘဝဆည်းဆာဓမ္မရိပ်သည်လည်း လောကတန်ဆောင် အလင်းရောင်ထွန်းပရာ ရတနာ့ရွှေမြေပါပေ။

**ရွှေဆံတော်မှ၊ ဘဝဆည်းဆာ**

**ရတနာ့မြေ၊ စာပေခရီး**

**ထပ်ပြီး တစ်ခါကြုံချင်ပါရဲ့ ။**



**စိုင်းမြတ်သူ-ရွှေဘို(စာပေစေတမန်)**



# နိုင်ငံတကာ အားကစား သတင်းများ

## ဘာဘယ်လ် ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် နိုဝင်ဘာ ၁၂**

အေဂျက်စ်အသင်းတောင်ပံကစားသမားဟောင်း ဘာဘယ်လ် ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် အေဂျက်စ်၊ လီဗာပူး၊ ဖူလ်ဟမ်၊ ဂါလာတာစာရေးစသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အောင်မြင်မှုများ ရယူနိုင်ခဲ့သလို၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် နယ်သာလန်လက်ရွေးစင်အသင်းနှင့်အတူ ပြိုင်ပွဲပေါင်း ၆၉ပွဲကစားကာ ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၃၇)နှစ်အရွယ်ရှိ ဘာဘယ်လ်က "ကျွန်တော် ကစားသမားဘဝမှ အနားယူပါပြီ။ ကျွန်တော်ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(ယာပုံ)

(NGB)



## လူးကပ်စ်ဗက်စ်ကွက်ဇ် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်

**မက်ဒရစ် နိုဝင်ဘာ ၁၂**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား လူးကပ်စ် ဗက်စ်ကွက်ဇ် ကြွက်သားဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက အိုဆာဆူနာအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား လူးကပ်စ် ဗက်စ်ကွက်ဇ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ပိုင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ နောက်ခံကစားသမား လူးကပ်စ် ဗက်စ်ကွက်ဇ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆ မှ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆၃ ပွဲ ကစားကာ ၃၈ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

(အောက်ပုံ) (NGB)



## ကိုင်ဖာမိုး ဝေးလ်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်



**လန်ဒန် နိုဝင်ဘာ ၁၂**

ရှက်လ်ဖီးယူနိုက်တက်အသင်း တိုက်စစ်မှူး ကိုင်ဖာမိုးသည် ဒဏ်ရာကြောင့် နေရှင်းလိဂ်ပွဲစဉ်များ ကစားရန်ရှိသည့် ဝေးလ်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ရှက်လ်ဖီးယူနိုက်တက်အသင်းက ဘရစ္စတိုးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားရင်း ခြေသလုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကလပ်အသင်းအတွက် ပါဝင်ကစားရင်း ကိုင်ဖာမိုး ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဝေးလ်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကိုင်ဖာမိုးသည် ဝေးလ်လက်ရွေးစင် အသင်းနှင့်အတူ ၂၀၁၉မှ ၂၀၂၄ အထိ ပြိုင်ပွဲပေါင်း ၄၇ပွဲ ကစားပြီး ၁၃ဂိုး သွင်းယူထားသည်။

ဝေးလ်လက်ရွေးစင်အသင်းသည် နေရှင်းလိဂ်ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁၆ရက်တွင် တူရကီအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## နည်းပြသစ် အာမိုရင်မ် မန်ချက်စတာယူနိုက်တက် အသင်းနှင့် စတင်ပူးပေါင်း

**မန်ချက်စတာ နိုဝင်ဘာ ၁၂**

မန်ချက်စတာယူနိုက်တက်အသင်း နည်းပြသစ် အာမိုရင်မ် အသင်းလေ့ကျင့်ရေးကွင်းသို့ ရောက်ရှိလာပြီး အသင်းနှင့် စတင်ပူးပေါင်းခဲ့ပြီဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်းနည်းပြသစ်အဖြစ် အာမိုရင်မ်အား ၂၀၂၇ခုနှစ် သက်တမ်း+တစ်နှစ်သက်တမ်းတိုးခွင့်ရှိသည့်အချက်ဖြင့် စာချုပ်ချုပ်ဆိုကာ ခန့်အပ်ထားခဲ့ခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၁ပွဲ



ကစားအပြီးတွင် ရမှတ် ၁၅မှတ်ဖြင့် အဆင့် ၁၃နေရာတွင် ရပ်တည်ပြီး ရလဒ်များဆိုးရွားနေပြီး အဆိုပါ ရလဒ်ဆိုးများအား နည်းပြ အာမိုရင်မ်က ချေဖျောက်ပေးနိုင်လိမ့်မည်ဟုလည်း မန်ချက်စတာ ယူနိုက်တက်အသင်းက ယုံကြည်လျက်ရှိသည်။

အသက်(၃၉)နှစ်အရွယ်ရှိ နည်းပြ အာမိုရင်မ်က "ကျွန်တော် မန်ချက်စတာယူနိုက်တက်အသင်းနှင့် စတင်ပူးပေါင်းခဲ့ပါပြီ။ ဒီအသင်းကို ရလဒ်ဆိုးတွေက ရုန်းထွက်နိုင်အောင်လည်း ကြိုးစားသွားမှာပါ။ ကျွန်တော်ကို ယုံကြည်စွာတာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူး ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (ဝဲပုံ)

မန်ချက်စတာယူနိုက်တက်အသင်း နည်းပြသစ် အာမိုရင်မ်သည် လာမည့် နိုဝင်ဘာ ၂၄ရက်တွင် ကစားမည့် အစ်ဆွစ်ချ်အသင်းနှင့်ပွဲစဉ်အား စတင်ကိုင်တွယ်သွားမည်ဖြစ်သည်။ (NGB)

## နည်းပြ ပိုစတီကိုဂလူး စပါးအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ



**လန်ဒန် နိုဝင်ဘာ ၁၂**

စပါးအသင်းသည် တန်းတက်ကလပ် အစ်ဆွစ်ချ်အသင်းအား ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ ပိုစတီကိုဂလူးအား ရာထူးမှ ထုတ်ပယ်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၁ပွဲကစားအပြီးတွင် ရမှတ် ၁၆ မှတ်ဖြင့် အဆင့် ၁၀ နေရာတွင် ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ ပိုစတီကိုဂလူးအား ရာထူးမှ ထုတ်ပယ်သွားရန် စီစဉ်လာခြင်း ဖြစ်သည်။

အသက်(၅၉)နှစ်အရွယ်ရှိ နည်းပြ ပိုစတီကိုဂလူးသည် စပါးအသင်းအား ၂၀၂၃ခုနှစ် ဇွန်လက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၅၈ ပွဲတွင် ၃၁ ပွဲ နိုင်၊ ၈ ပွဲ သရေ၊ ၁၉ ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။ (အပေါ်ဝဲပုံ)

ထို့ကြောင့် စပါးအသင်းအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နည်းပြ ပိုစတီကိုဂလူးအား ရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမည် ဖြစ်သည်။ (NGB)

## အန်ဒိုအား ခေါ်ယူရန် ဥရောပကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် နိုဝင်ဘာ ၁၂**

ဥရောပကလပ်အသင်းများဖြစ်သည့် အေစီမီလန်၊ ဖူလ်ဟမ်၊ ဝုဖ်၊ အစ်ဆွစ်ချ်အသင်းတို့သည် လီဗာပူးအသင်းနှင့် အဆင်မပြေဖြစ်နေသည့် ကွင်းလယ်ကစားသမား အန်ဒိုအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၁ပွဲကစား



ပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်းများက ခေါ်ယူရန် အပြိုင် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား အန်ဒိုကိုယ်တိုင်ကလည်း လက်ရှိအချိန် လီဗာပူးအသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အသင်းမှ ထွက်ခွာသွားမည် ဖြစ်သည်။

ထို့ကြောင့် ဥရောပကလပ်အသင်းများဖြစ်သည့် အေစီမီလန်၊ ဖူလ်ဟမ်၊ ဝုဖ်၊ အစ်ဆွစ်ချ်အသင်းတို့အနေဖြင့် လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် အန်ဒိုအား မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## 2024 LP Open by IND တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၁၈ ရက်တွင် စတင်မည်

**ဆန်တီယာဂို နိုဝင်ဘာ ၁၂**

ချီလီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 LP Open by IND တင်းနစ်ပြိုင်ပွဲ လာမည့် နိုဝင်ဘာ ၁၈ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 LP Open by IND တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၅ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2024 LP Open by IND တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

LP Open by IND တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ချက်တင်းနစ်မယ် Sara Bejlek ဖြစ်သည်။

(ယာပုံ) (NGB)



### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၃-၁၁-၂၀၂၄ ဗုဒ္ဓဟူးနေ့ | ညနေ ၆:၃၀ နာရီ | ဘင်္ဂလားဒေ့ရှ် - မော်လ်ဒိုက် |
| ,, | ည ၇:၃၀ နာရီ | တာဂျီကစ္စတန် - နီပေါ |

# စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့တွင် ကျင်းပမည့် ကမ္ဘာ့မြို့တော်များ ကျန်းမာရေးဖိုရမ်သို့ တက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ



**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် ရန်ကုန်မြို့ ဒုတိယမြို့တော်ဝန် ဦးညီညီ လိုက်ပါ၍ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့တွင် (၁၂-၁၁-၂၀၂၄) ရက်နေ့မှ (၁၄-၁၁-၂၀၂၄) ရက်နေ့အထိ ကျင်းပပြုလုပ်မည့် "ကမ္ဘာ့မြို့တော်များ ကျန်းမာရေးဖိုရမ်(World Health City Forum)"တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

"ကမ္ဘာ့မြို့တော်များ ကျန်းမာရေးဖိုရမ်(World Health City Forum 2024)"သည် ဒုတိယအကြိမ် ကျင်းပပြုလုပ်သည့် ဖိုရမ်ဖြစ်ပြီး အဆိုပါအစည်းအဝေးတွင် အာဆီယံနိုင်ငံများ၏ မြို့ကြီးများအား ကိုရီးယားနိုင်ငံ၏နည်းပညာ အကူအညီများဖြင့် Smart Health Citiesများအဖြစ် အသွင်ပြောင်းနိုင်ရေးခိုင်မာသည့် ဆုံးဖြတ်ချက်များ စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးကြမည့် ဖိုရမ်တစ်ရပ်ဖြစ်ကြောင်းနှင့် မြို့များ၌ ကြုံတွေ့ရသော ပြဿနာများ ဖြေရှင်းနိုင်ရေး၊ မြို့အလိုက် မဟာဗျူဟာချမှတ်နိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များတွင် တီထွင်ဆန်းသစ်မှုပြုလုပ်ခြင်း၊ သဘာဝဘေးနှင့်ကပ်ရောဂါများဖြစ်ပေါ်မှုနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုများပြုလုပ်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော လူမှုအဖွဲ့အစည်းဖြစ်ပေါ်စေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် နည်းပညာများဖြစ်ထွန်းစေခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ပုဗ္ဗသီရိမြို့နယ် သာယာဝှမ်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံထွန်စက်မောင်းသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံထွန်စက်မောင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ရက် နံနက်ပိုင်းက ကျည်တောင်ကန်ကျေးရွာအုပ်စု၊ သာယာဝှမ်းကျေးရွာ၌ ကျင်းပခဲ့သည်။ **(အပေါ်ယာပုံ)**



ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက အခြေခံထွန်စက်မောင်းသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းစည်းမျဉ်းစည်းကမ်းများနှင့် သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပုဗ္ဗသီရိမြို့နယ် သာယာဝှမ်းကျေးရွာမှ သင်တန်းသားဦးရေ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာ ၁၁ရက်မှ ၃၀ ရက်အထိ ၂၀ ရက်ကြာ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နော်လူး**



## ဆောင်းနှမ်းများ အသီးသီးနှုန်းကောင်းမွန်ကာ အထွက်နှုန်းကောင်းရန် သေချာသလောက်ဖြစ်နေ

**ညောင်ဦး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်တောင်သူများ ကြဲပက်စိုက်ပျိုးထားသည့် ဆောင်းနှမ်းများ အသီးသီးနှုန်းကောင်းခြင်းနှင့်အတူ အပွင့်များသိမ်းချိန် မိုးရွာသွန်းမှုကြောင့် ဆောင်းနှမ်းများ အထွက်နှုန်းကောင်းရန် သေချာသလောက်ရှိနေပြီဖြစ်ကြောင်း ဆောင်းနှမ်းစိုက်ပျိုးတောင်သူများထံက သိရသည်။

ညောင်ဦးမြို့နယ်တွင် ဆောင်းနှမ်းများကြဲပက်စိုက်ပျိုးခြင်းကို ဩဂုတ်လ၊ စက်တင်ဘာလတို့တွင်ကြဲပက်စိုက်ပျိုးခဲ့ကြောင်း၊ ဆောင်းနှမ်းဟုခေါ်ဆိုသော်လည်း မိုးနှမ်းမျိုးစေ့များကို ကြဲပက်စိုက်ပျိုးကြကြောင်း၊ မိုးအကုန် ဆောင်းအကူးစိုက်ပျိုးခြင်းကြောင့် ဆောင်းနှမ်းဟုခေါ်ဆိုကြကြောင်း ဖွားစောကျေးရွာ တောင်သူ ဦးဝင်းစိုးက ရှင်းပြသည်။ ညောင်ဦးမြို့နယ် ကျေးရွာအများစု ဆောင်းနှမ်းစိုက်ပျိုးကြပြီး မိုးမှီသည့် နှမ်းစိုက်ပျိုးခြင်းရှိသလို မိုးရွာသွန်းမှုမရှိပဲ စိုက်ပျိုးထားခြင်းရှိကြောင်း ဆောင်းတွင်း အအေးဓာတ်ဝင်ရောက်ချိန် အပင်များ အောင်မြင်ဖြစ်ထွန်းကြပြီး အောက်တိုဘာလလောက်တွင် ဆောင်းနှမ်းများ အဖူးဖူး၊ အပွင့်ပွင့် အသီးသီးကြကြောင်း၊ ယခုအခါ ဆောင်းနှမ်းများ အသီးသီးမှုကောင်းမွန်ပြီး အသီးလုံး တိုင်းအောင်မြင်ကာ ဆောင်းနှမ်းအထွက်နှုန်းကောင်းရန် သေချာသလောက်ရှိနေပြီဖြစ်ကာ ပြန်လည်ရောင်းချချိန် ဈေးနှုန်းများလည်း ကောင်းရရှိကြရန် ညောင်ဦးမြို့နယ်တွင် ဆောင်းနှမ်းစိုက်ပျိုးတောင်သူများ မျှော်လင့်နေကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၄စ၁)**

## ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား နိုဝင်ဘာ ၁၂**

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်များလိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်၊ သဲကျွန်းကျေးရွာနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ငှားရမ်းပေးကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်၌ သုတ၊ ရသ စာအုပ်မျိုးစုံ ၂၂၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တပတ် တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# တန်ဆောင်မုန်းလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ (၃၅)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲကို အစဉ်အလာမပျက် ကျင်းပသွားမည်



**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးမြို့၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ (၃၅)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၁၅ ရက်တွင် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကာ ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းက ပြောပြသည်။

အဆိုပါ လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် ရဓတော်ဆရာတော်ကြီး အမှူးပြုသော ဗုဒ္ဓဝေယျာဝစ္စအဖွဲ့မှ မဟာမုနိရုပ်ရှင်တော်ကို မျက်နှာသစ်တော်ရေနှင့်တကွ ပန်းပေါင်းစုံ၊ ရေချမ်း၊ ဆွမ်းတို့ကို ဆက်ကပ်တော်မူပြီးနောက် မသိုးမြတ်သင်္ကန်းတော်ကို နံနက် ၄ နာရီ ၃၀ မိနစ်တွင် ဆရာတော် ဦးဆောင်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဂေါပကအဖွဲ့၊ ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာ ရှင်၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့ ခေါင်းဆောင်များတို့ဖြင့် လွှမ်းခြုံပြီး ကပ်လှူပူဇော်သွားမည် ဖြစ်ကြောင်း သိရသည်။

‘ဘုရားရှင်လက်ထက်မှာ မိထွေးတော်ဂေါတမီကို အကြောင်းပြုပြီး ရှေးဟောင်းအမွေအနှစ်ကာလဒါနကို ဖော်ထုတ်တာဖြစ်သလို ကျေးလက်ယဉ်ကျေးမှုအနုပညာလက်ရာများကို ပြသဖော်ထုတ်တဲ့အနေ နဲ့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးရဲ့ (၃၅)ကြိမ်မြောက် မသိုးသင်္ကန်း ကပ်လှူပူဇော်ပွဲကျင်းပသွားမှာပါ။ နှစ်စဉ်အမြဲ အစဉ်အလာမပျက် လပြည့်နေ့ နံနက်အရုဏ်မှာ လွှမ်းခြုံပြီးတော့ ကပ်လှူသွားမှာပါ။ ဘုရားကြီးမှာပဲ အဖိတ်နေ့ နံနက်ပိုင်းကနေ တစ်နေကုန် တစ်ညလုံးအပြီး ရက်ကာ ညတွင်းချင်းအပြီးချုပ်လုပ်ပြီးတော့ လပြည့်နေ့ နံနက်အရုဏ်မှာ ကပ်လှူမှာပါ။ မသိုးမြတ်သင်္ကန်းဆိုတော့ နေမကူးဘဲနဲ့ အပြီးရက်လုပ်တယ်။ ချုပ်လုပ်တယ်။ မျက်နှာသစ်တော်ရေကတော့ ၄ နာရီ ၃၀ မိနစ်ဆိုရင် ပြီးသွားပြီ။ အဲပြီးတဲ့နောက်မှာပဲ မသိုးသင်္ကန်းလွှမ်းခြုံကပ်လှူပါတယ်။ မသိုးသင်္ကန်းကပ်လှူထားတဲ့ လပြည့်နေ့ တစ်ရက်ကိုတော့ ရွှေချလို့ ကပ်လှူလို့မရပါဘူး။ ကပ်လှူချင်ရင်တော့ ကောင်တာပုံးလေးတွေ ထားပေးပြီးတော့ လှူဒါန်းလို့ရတဲ့အကြောင်း စာကပ်လမ်းညွှန်ပြီးတော့ နှိုးဆော်ထားတာရှိပါတယ်’ဟု ၄င်းက ရှင်းပြသည်။

အဆိုပါ မသိုးသင်္ကန်းရက်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ မျက်မြင်တွေ့ရှိကာ ကြည်ညိုသဒ္ဓါတရားပွားများနိုင်ရေးအတွက်လည်း စီစဉ်ပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးကို နံနက် ၄ နာရီမှ ည ၇ နာရီထိ အများပြည်သူများ ဖူးမြော်ခွင့်ရရှိအောင် ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၃)

၀-၀-၀-၀-၀



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ခရီးသွားလာရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ခရီးသွားလာရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တအတွင်းရေးမှူး ရဲမှူး နိုင်ဝင်းက နိုဝင်ဘာ ၃ ရက်က ဖြစ်ပွားခဲ့သည့် River House Hotel ဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန-ပုဂံဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးညီမွန်းက ပုဂံညောင်ဦးဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပြီး တက်ရောက်လာသည့် ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်အသင်းနှင့် ဘုရား ၁၈ ဆူမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများမှတာဝန်ရှိသူများက ခရီးသွားလမ်းညွှန်များ စနစ်တကျရှိစေရေး၊ စားသောက်ဆိုင်များ ဝန်ဆောင်မှုကောင်းမွန်စေရေး၊ ဟိုတယ်၊ မိုတယ်တည်းခိုရိပ်သာနှင့် တည်းခိုခန်းများဝန်ဆောင်မှုကောင်းမွန်စေရေး၊ ဈေးရောင်းချသူများ စနစ်တကျရှိစေရေးနှင့် ခရီးသွားဧည့်သည်များအား စိတ်အနှောင့်အယှက်မဖြစ်စေရေး၊ တောင်းရမ်းစားသောက်သူများ မရှိစေရေး၊ ယဉ်ကျေးမှုနယ်မြေအတွင်း သရုပ်ပျက်ဝတ်စားဆင်ယင်မှုမရှိစေရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်ရေးတို့အား သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၁)

*-*-*-*-*

## ဆောင်းမြေပဲ လျာထားဧက ၁၃၈၉၆ အနက် ၂၃၃၅ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧက ၁၃၈၉၆ အနက် ၂၃၃၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

‘ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြပါတယ်။ ဒီနှစ် ဆောင်းရာသီမှာ မြေပဲစိုက်ပျိုးဖို့ ၁၃၈၉၆ ဧကလျာထားပါတယ်။ တောင်သူတွေ မြေပဲကို စက်တင်ဘာလက စတင်၍ စိုက်ပျိုးကြပြီး ဆက်လက်စိုက်ပျိုးနေကြပါတယ်’ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

အဆိုပါ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်း မျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ နည်းပညာပေးသင်တန်းနှင့် ကွင်းပြပွဲများပြုလုပ်ခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ခုနှစ်၊ ဆောင်းရာသီ၌ မြေပဲ ၁၃၈၉၆ ဧက၊ နှမ်း ၁၄၀၃၃ ဧက၊ နေကြာ ၁၂၃၆ ဧက၊ ပန်းနှမ်း ၅၃၄၂ ဧက၊ မုန်ညင်းစေ့ ၃၅၇ ဧက၊ စုစုပေါင်း ၃၄၈၆၄ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်ထိ ၉၉၇၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၈၀)

## ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ကွင်းဆင်းဆောင်ရွက်

**မင်းဘူး နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမြင့်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၉ နာရီခွဲက မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာများသို့ လှည့်လည်၍ ကျေးလက်ဒေသ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။


ထိုသို့ ဆောင်ရွက်ရာတွင် မင်းဘူး(စကု)မြို့နယ် ဖလံရုံကျေးရွာ ဇမ္ဗူရတနာသိဒ္ဓိကျောင်း အနန္တသုခမေ္မာရုံ၌ ကျေးရွာရှိ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံအမျိုးသမီးများနှင့်တွေ့ဆုံပွဲတွင် မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကက ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေက လုပ်ငန်းစဉ်အကြောင်းအရာများနှင့် ကဏ္ဍကြီး ၅ ရပ်ကို ပြောကြားပြီးနောက် ကျေးရွာအတွင်းရှိ ပိုလီယိုကလေးငယ် ၁၁ ဦးအား ငွေကျပ် ၁၀၀၀၀ စီနှင့် မျက်နှာသုတ်ပဝါ၊ ဆပ်ပြာမှုန့်၊ ပေါင်မုန့်များထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်၍ အမှတ်(၃)ရပ်ကွက်ရှိ သမိဒ္ဓေါယ သုခကာရီ သီလရှင်စာသင်ကျောင်းအား ဆန်တစ်အိတ်၊ ဆီ ၅ ပိဿာနှင့် ဝတ္ထုငွေများ၊ ဆရာလေး အပါး ၅၀နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ပညာသင်ကြားနေသော ကလေးငယ် ၂၀ ဦးအား ထောက်ပံ့ငွေများ ထောက်ပံ့လှူဒါန်းခဲ့ပြီး၊ ကြာကန်ကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာရှိ ဝါးဖြင့်ပြုလုပ်သည့် လက်မှုအတတ်ပညာလုပ်ငန်းများဖြစ်သော တောင်းအမျိုးမျိုး၊ ခြင်းအမျိုးမျိုးနှင့် ဆန်ကော၊ ဆန်ခါများ ရက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် စကုမြို့ အမှတ်(၁)ရပ်ကွက် မိခင်နှင့်ကလေး ခန်းမဆောင်တွင် ကိုယ်ဝန်ဆောင်မိခင် ၁၈ ဦးအား အာဟာရဖြစ် ကြက်ဥ၊ ဖီးကြမ်းငှက်ပျောသီးနှင့် ထောက်ပံ့ငွေများ၊ မူကြိုကျောင်းမှ ကလေးငယ်များအား မုန့်ပဲသရေစာများနှင့် မင်းဘူးမြို့ နမ္မဒါဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၁၄ ဦးတို့အား မုန့်၊ ကွေကာနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၅၀၄)

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ကော်လဂျင်ဓာတ်ကို သဘာဝအတိုင်း ထုတ်ပေးနိုင်တဲ့ အစားအစာများ




အခုလို အလှအပချစ်သူတွေကြား ခေတ်စားနေတဲ့ကော်လဂျင်ဆိုတာ နဂိုကတည်းက ခန္ဓာကိုယ်ထဲမှာ ရှိနေပြီးသား ဓာတ်တစ်မျိုးဖြစ်ပါတယ်။ အသက်အရွယ်ကြီးလာတာနဲ့အမျှ ခန္ဓာကိုယ်က ကော်လဂျင်ဓာတ်တွေ ထုတ်လုပ်ပေးနိုင်စွမ်းနည်းပါးလာတာကြောင့် အသားအရေ တင်းရင်းမှု လျော့ကျလာပြီး ကော်လဂျင်ဓာတ်တွေ ပြန်လည်ဖြည့်တင်းဖို့အတွက် ကော်လဂျင်ကို သောက်ကြရတာဖြစ်ပါတယ်။

ကော်လဂျင်ကို ဖြည့်တင်းဖို့အတွက် ဈေးကွက်ထဲမှာ ငါးကနေရတဲ့ကော်လဂျင်၊ ဝက်(သို့)နွားအရေပြားကနေရတဲ့ ကော်လဂျင်စသည်ဖြင့် ပုံစံအမျိုးမျိုးရှိကာ ပစ္စည်းကွာလတီနဲ့ တံဆိပ်ပေါ်မူတည်ပြီး ဈေးကလည်း များပါတယ်။ ကော်လဂျင်ကို သဘာဝအတိုင်း ရရှိအောင် လုပ်လို့ရတဲ့ နည်းလမ်းတွေရှိတာကြောင့် ကော်လဂျင်ထုတ်လုပ်ပေးနိုင်တဲ့ အစားအစာတွေကို ဖော်ပြပေးပါမယ်။

ကော်လဂျင်ရရှိဖို့အတွက် အရိုးပြုတ်ရည်-ကြက်ရိုး၊ ကြက်ခြေထောက်(သို့) ဝက်ရိုး(သို့) အမဲရိုး စသည်ဖြင့် နှစ်သက်ရာ အရိုးကို မီးအေးအေးနဲ့ ခပ်ကြာကြာပြုတ်ပြီး ရလာတဲ့အရိုးပြုတ်ရည်ကို သောက်နိုင်ပါတယ်။ လိမ္မော်သီး(သို့)ကမ္ဘလာသီးမှာပါတဲ့ Vitamin-C ဓာတ်ကလည်း ကော်လဂျင်ထုတ်လုပ်မှုကို လှုံ့ဆော်ပေးပါတယ်။ ဆယ်လ်မွန်ငါးအရေပြားဟာလည်း ကော်လဂျင်ဓာတ် ပါဝင်တာကြောင့် အရေပြားကို မဖယ်လိုက်ဘဲ စားသုံးနိုင်ပါတယ်။ ဖရုံစေ့ကလည်း ကော်လဂျင်ထွက်ဖို့ လှုံ့ဆော်ပေးနိုင်တာကြောင့် ဖရုံစေ့ကိုလည်း မမေ့မလျော့ စားသုံးပေးသင့်ပါတယ်။ ဘယ်ရီသီး၊ ပဲလွန်း၊ ကြက်ဥ၊ ကြက်သွန်ဖြူတို့ကလည်း ကော်လဂျင်ထွက်လာဖို့ ကူညီပေးနိုင်တာကြောင့် အခုပြောပြသွားတဲ့အစားအစာတွေကို နေ့စဉ်စားသုံးပေးခြင်းအားဖြင့် အိုမင်းရင့်ရော်ခြင်းကို ကာကွယ်နိုင်ပြီး အသားအရေကို တင်းရင်းလှပစေနိုင်ပါတယ်။

**Daisy**

## အသားညိုခြင်းကြောင့် ရရှိမယ့် အကျိုးကျေးဇူးများ

အာရှနိုင်ငံမှာက အသားဖြူမှ လှတယ်လို့ ထင်တတ်ကြတာကြောင့် အသားဖြူဖို့အတွက် လိမ်းတဲ့ Skin Care/Makeup ပစ္စည်းတွေကို ဦးစားပေးပြီး ထုတ်လုပ်ကြပါတယ်။ အနောက်နိုင်ငံတွေမှာတော့ အသားညို၊ အသားမည်းတာဟာ ပိုပြီးဆွဲဆောင်မှုရှိတယ်လို့ မြင်တာကြောင့် ကြေးနီရောင်(အညိုရောင်) အသားအရေရရှိအောင် နေပူဆာလှုံခြင်း၊ အသားအညိုရောင်ဖြစ်စေတဲ့ Lotion တွေ လိမ်းကြပါတယ်။

တကယ်တော့ အသားညို၊ အသားမည်းတဲ့သူတွေက အသားဖြူတဲ့သူတွေထက် ပိုပြီးကောင်းပါတယ်။ အသားမည်းတဲ့သူတွေဟာ အသားဖြူတဲ့သူတွေလောက် အရေပြားဆိုင်ရာ ပြဿနာတွေ သိပ်မဖြစ်ပါဘူး။ အသားညို၊ အသားမည်းတဲ့သူတွေက အသားဖြူတဲ့သူတွေထက်စာရင် မယ်လနင်ဓာတ်ပိုများတာကြောင့် နေပူဒဏ် ပိုခံနိုင်ပါတယ်။ အရေပြားဆဲလ်ပျက်စီးမှုကို ကာကွယ်ပေးနိုင်တဲ့အတွက် အိုမင်းရင့်ရော်ခြင်းကို နှေးကွေးစေတာကြောင့် အရေးအကြောင်းနည်းပြီး အသားအရေ ပိုချောမွေ့စေပါတယ်။ အသားညို၊ အသားမည်းတဲ့သူတွေဟာ ဓာတ်ပုံရိုက်တဲ့အခါမှာ အသားဖြူတဲ့သူတွေထက် ပို၍ကြည့်ကောင်းပြီး ပုံထဲမှာ ပိုလှပြီး ပိုပြီးဆွဲဆောင်မှုလည်းရှိပါတယ်။

**Daisy**





## ဝတ်ထားတဲ့ စကတ်၊ ဘောင်းဘီနဲ့ လိုက်ဖက်မယ့် ဖိနပ်ပက်ရှင်များ

အဝတ်အစားဝတ်တဲ့အခါမှာ စတိုင်လ်ကျပြီး ပိုကြည့်ကောင်းအောင် အသားအရောင်နဲ့ လိုက်ဖက်မယ့် အရောင်ရွေးချယ် ဝတ်ဆင်ခြင်းအပြင် ခန္ဓာကိုယ်ပုံစံ၊ အသက်အရွယ်နဲ့ သွားလာမယ့် နေရာဒေသအပေါ် မူတည်ပြီး ဝတ်ဆင်တတ်မှသာ စမတ်ကျပြီးလှပမှာဖြစ်ပါတယ်။ အဲဒီလို ဝတ်စားဆင်ယင်တဲ့အခါမှာ တွဲဖက်ဝတ်ဆင်ရတဲ့ ဖိနပ်ကလည်း အရေးကြီးတဲ့ ဖက်ရှင်အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။ ဘယ်လိုအဝတ်အစားက ဘယ်ဖိနပ်ပုံစံနဲ့ လိုက်ဖက်တယ်ဆိုတာ ပုံနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။

**Daisy**



## ဆောင်းရာသီအတွက် အသားအရေထိန်းသိမ်းနည်း

ဆောင်းရာသီကို စတင်ရောက်ရှိလာပြီဆိုတော့ အသားအရေထိန်းသိမ်းမှုကို အရင်ကထက် ပိုပြီးဂရုစိုက်ဖို့ လိုလာပါပြီ။ ဆောင်းတွင်းမှာ တိုက်ခတ်တဲ့ လေအေးတွေနဲ့ ခြောက်သွေ့အေးမြတဲ့ ရာသီဥတုကြောင့် အသားအရေခြောက်သွေ့မွဲခြောက်ခြင်း၊ အသားပပ်ခြင်းတွေ ဖြစ်စေတာကြောင့် နွေရာသီနဲ့ မိုးရာသီမှာ အသုံးပြုနေတဲ့ Skin Care တွေနဲ့ မလုံလောက်တော့ဘူး။ဆောင်းတွင်းရောက်လာပြီဆိုတော့ နှုတ်ခမ်းတွေ ခြောက်သွေ့ကွဲအက်တတ်တာကြောင့် Lip Balm ကို နံနက်တစ်ခါ၊ ညတစ်ခါ လိမ်းပေးသင့်ပါတယ်။ နှုတ်ခမ်းနီဆိုးတဲ့အခါမှာလည်း Matte Type နှုတ်ခမ်းနီအစား နှုတ်ခမ်းသားအစိုဓာတ်ဖြည့်ပေးနိုင်မယ့်အမျိုးအစားကို ဆိုးပေးပါ။ ဆောင်းရာသီမှာ နေသိပ်မပူပေမယ့် Sun Cream ကိုတော့ မဖြစ်မနေလိမ်းပေးဖို့လိုအပ်ပြီး အရေပြားအစိုဓာတ်ထိန်းပေးဖို့အတွက် Moisture ကို မဖြစ်မနေလိမ်းပေးပြီး Lotion ကိုလည်း အစိုဓာတ်ဖြည့်ပေးနိုင်မယ့် အမျိုးအစားကိုလိမ်းပေးပါ။ ဆံသားခြောက်သွေ့မှုကို ကာကွယ်နိုင်ဖို့အတွက် ခေါင်းလိမ်းဆီကိုလည်း လိမ်းပေးပါ။ အေးတဲ့ရာသီဥတုမှာ ရေသိပ်မဆာတတ်တာကြောင့် ရေသောက်ဖို့ သတိမေ့နေတတ်ကြတယ်။ ဆောင်းတွင်းမှာ အသားမခြောက်ဖို့အတွက် ရေကိုများများသောက်ပေးဖို့ကလည်း အရေးကြီးပါတယ်။

**Daisy**

## ဆံပင်သန်စွမ်း ကျန်းမာစေတဲ့ အစားအစာများ

ဆံပင်သန်စွမ်းဖို့အတွက် ဆံသားထိန်းသိမ်းမှုကို သေချာလုပ်ဖို့ လိုအပ်ပြီး ဆံပင်ထိန်းသိမ်းမှုပစ္စည်းတွေကလည်း အမှန်တကယ်ကောင်းမွန်ဖို့ လိုအပ်ပါတယ်။ ဘယ်လောက်ပဲ ဆံသားထိန်းသိမ်းမှုတွေလုပ်လုပ် ရောဂါ(သို့)နေထိုင်စားသောက်ပုံကြောင့်ဆိုရင်တော့ ဆံသားက ကောင်းလာမှာမဟုတ်ပါဘူး။ ဒါကြောင့် ဆံသားကောင်းမွန်ဖို့ဆိုရင် ခန္ဓာကိုယ်မှာ လိုအပ်တဲ့ အာဟာရဓာတ်တွေ ပြည့်ဝနေမှ အရေပြားနဲ့ဆံသားက ကျန်းမာပြီး လှပမှာဖြစ်ပါတယ်။

ဆံသားလှပဖို့အတွက်ဆိုရင် ပရိုတင်းကြွယ်ဝတဲ့ ပဲ၊ ငါး၊ ကြက်ဥ၊ ကမာ၊ ကြက်သားတို့ကို စားပေးရမှာဖြစ်ပြီး အာဟာရဓာတ်ပြည့်ဝတဲ့ ဟင်းနုနယ်ရွက်၊ အဲလ်မွန်စေ့၊ ကန်စွန်းဥနဲ့ ဒိန်ချဉ်တွေကို နေ့စဉ်စားတဲ့ အစားအသောက်တွေထဲမှာ ထည့်သွင်းစားသုံးပေးခြင်းအားဖြင့် ဆံပင်အတွက်လိုအပ်တဲ့ အာဟာရဓာတ်တွေ ရရှိမှာဖြစ်ပြီး ဆံသားကျန်းမာလှပစေမှာပါ။




**Daisy**

## မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေဆိုင်ရာ အသိပညာပေး (Talk Show) ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၌ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေဆိုင်ရာ အသိပညာပေး(Talk Show)ကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက မေးမြန်းရာ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဝင်များဖြစ်သည့် ဦးကျော်လှိုင်ဌေးနှင့် ဒေါ်ပြည့်ပြည့်စုံတို့က မသန်းစွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် ပတ်သက်၍လည်းကောင်း၊ မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေး၊ မသန်းစွမ်းသူအား ခွဲခြားဆက်ဆံခံရမှုပပျောက်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းသူများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ အလုပ်ရပ်စဲခြင်း မသန်းစွမ်းမှုအပေါ် အကြောင်းပြုပြီး တမင်ခွဲခြားဆက်ဆံခြင်း၊ နှိမ့်ချခြင်း၊ နိုင်ထက်စီးနင်းပြုလုပ်ခြင်း၊ အဓမ္မစေခိုင်းခြင်း အစရှိသူများ ကျူးလွန်ဖောက်ဖျက်ပါက မသန်းစွမ်းသူများ၏ အခွင့်အရေးဥပဒေများအရ ပြစ်မှုကျူးလွန်သူများကို အမြင့်ဆုံးငွေဒဏ် ၁၅ သိန်းနှင့် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်မှ အနိမ့်ဆုံး ငွေဒဏ် ၃ သိန်းနှင့် ထောင်ဒဏ်သုံးလ(သို့) ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ ချမှတ်ကာကွယ်ပေးထားကြောင်း စသည်များ ပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၅၆)**




## မီးခိုးမြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်



**ဟိုပုံး နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် မီးခိုးမြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောများ၏ အခန်းကဏ္ဍဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ပေါင်လင်းကျေးရွာအုပ်စု၊ ပေါင်လင်း(စက်မှု၊ စိုက်ပျိုး၊မွေးမြူရေး)အထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အသိပညာပေးဟောပြောရာတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေက ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် ဖြစ်စဉ်များအကြောင်းကိုလည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောများ၏ အခန်းကဏ္ဍဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယဉ်လဲ့လဲ့မွန်က မီးခိုးမြူငွေ့အန္တရာယ်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေး အစီအစဉ်များကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ပေါင်လင်း(စက်မှု၊စိုက်ပျိုး၊မွေးမြူရေး)အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြောကြားခဲ့ပြီး တာဝန်ရှိသူများက ကျောင်းသား၊ကျောင်းသူများအတွက် အာဟာရဖြည့်စွက်စာ ကျွေးမွေးနိုင်ရန် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရာ ပေါင်လင်း(စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး) အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့လွင်က လက်ခံရယူခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၁၇၃ ဦးကို တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး
အနာဂတ်

## မန္တလေးနေ့စဉ်

* နံနက်ချိန်ခါ မင်္ဂလာ
စက်ဘီးလေးတစ်စီးနဲ့ပါ
သတင်းထူးလေး ဖတ်စေရေး
အိမ်တိုင်ရာရောက် ပို့ဆောင်ပေး ။

* အများပြည်သူ ဖတ်ရှုရန်
မန္တလေးနေ့စဉ်အချိန်မှန်
စောင်ရေများများ ဖြန့်ချိရေး
နေ့/ညမနား ကြိုးစားပေး ။

* သတင်းစာဖတ်ခြင်း ရလဒ်ဟာ
အတွေ့အကြုံများ ရရှိလာ
စိတ်ဖိစီးမှုလျော့နည်းသွား
ဗဟုသုတတွေ တိုးပွား ။

* အာရုံစူးစိုက်မှု တိုးတက်လာ
အထီးကျန်မဖြစ်တော့ပါ
ဦးနှောက်ရဲ့ ကျန်းမာရေး
လန်းဆန်းကောင်းမွန်ပေး ။

* နိုဝင်ဘာလ ရက်(၃၀)ဟာ
မန္တလေးနေ့စဉ် (၂၇)နှစ်တာ
မြို့နေလူထုကောင်းကျိုးအတွက်
အမြဲကြိုးပမ်း ထမ်းဆောင်ရွက် ။ ။

(၂၇)နှစ်ပြည့် မန္တလေးနေ့စဉ် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရေးဖွဲ့ခြင်းဖြစ်ပါသည်။

သန်းနိုင်စိုး(စိုက်/မွေး)

## လူကုန်ကူးမှုကာကွယ်တားဆီးရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ ပြသ

**မိုင်းတုံ နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက စာသင်ကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးနယ်လှည့်ဖြစ်သော ဟောပြောပွဲ၊ စာဖတ်ဝိုင်း၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မိုင်းတုံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်က ကျောင်းသား၊ ကျောင်းသူများကို နယ်လှည့် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြီးနောက် "မူးယစ်ရှောင်ရှားလူငယ်များ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဆက်လက်၍ လူကုန်ကူးမှုကာကွယ်တားဆီးရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ မှတ်တမ်းဓာတ်ပုံများအား ကျောင်းသား၊ ကျောင်းသူများကို အသိပညာဗဟုသုတ ရရှိစေပြီး မှတ်သားထားတတ်သည့် အလေ့အထ ရရှိစေရန်နှင့် လိုအပ်သည့်အခါ မိမိတို့မှတ်သားထားသည်များကို ပြန်လည်အသုံးချတတ်စေရန် ရည်ရွယ်ပြီး ပြသပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# သတင်းပဒေသာ

## လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်း

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို မန်ကန့်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့၌ အသက်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲက မိုင်းခုတ်တိုက်နယ်ဆေးရုံ၌ ဆောင်ရွက်ပေးခဲ့သည်။ မိုင်းခုတ်မြို့၊ ဝမ်ကောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နန်းခမ်းနွန်းအေး ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေး လာရောက်ထိုးနှံသော ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်အောက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း မပြုမီ စာရင်းရေးသွင်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းနှင့် ကိုယ်အလေးချိန်တိုင်းတာခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စနစ်တကျ ထိုးနှံတိုက်ကျွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နေပြည်တော် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ MSME လုပ်ငန်းများနှင့် OROP လုပ်ငန်းပါ ချည်ထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဇောင်ချမ်းကုန်းစံပြကျေးရွာနှင့် လယ်ဝေးမြို့နယ်၊ ကြံခင်းစံပြကျေးရွာတို့တွင် ဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက Incubation center ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြော

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငုချိုချိုကျော်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ထက်က အနာဂတ်အတွက်စာဖတ်ပါ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ စာရေးဆရာအကြီးကိုကို(ကသာ) ပထမတန်းစားလူ ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။ အဆိုပါကျောင်းစာကြည့်တိုက်အတွက် စာရေးဆရာအကြီးကိုကို(ကသာ)က စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များအား စိတ်ဝင်စားစွာ ကြည့်ရှုမှတ်သားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ ဆွမ်းပဒေသာပင် အလှူငွေ လှူဒါန်း



**မန္တလေး နိုဝင်ဘာ ၁၂**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ဆွမ်းပဒေသာပင် အလှူငွေ လှူဒါန်းခြင်းကို နိုဝင်ဘာ ၂ ရက်က အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။

ဆွမ်းပဒေသာပင် အလှူငွေ လှူဒါန်းပွဲတွင် သီရိသုမင်္ဂလာ ဒေါ်တင်အုံး(ဒေါ်ချစ်၏ နေနတ်သားဆေးတိုက်) မိသားစုက အကြိမ်(၄၀)မြောက် မဟာကထိန်တော်အလှူပွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌ၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ အောင်ဆွေနှင့် ဥပဋ္ဌာကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ကဆ)

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ကန်တော်ကြီး-ကန်ပတ်လမ်း)သို့ ဆေးပဒေသာပင်နှင့် အလှူငွေ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့၊ ဘုရားကြီးမြောက်မုခ်နေ ကွယ်လွန်သူ အဘိုး၊ အဘွား၊ အဖေ၊ အမေ၊ ညီ၊ ညီမ၊ သမီးတို့အား ရည်စူး၍ ဦးစိန်အောင် + ဒေါ်နွဲ့ကြည် သား၊ သမီး၊ မြေး မိသားစုက ဆွမ်း ပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ယာပုံ) (ကဆ)



## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ညိမ်းဆေးရုံတွင် ဆေးကုသမှုခံယူနေသော ဆရာကြီးဦးမြင့်(ပါမောက္ခ-ငြိမ်း၊ ရုက္ခဗေဒဌာန)အားလည်းကောင်း၊ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် ဆီးကျိတ်ခွဲစိတ်ကုသမှုခံယူထားသော ဆရာကြီး ဦးဝင်းမောင်(ပါမောက္ခချုပ်-ငြိမ်း)ထံသို့လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ နာယက ဦးတင်မောင်၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ဝင်များက ဆေးရုံများသို့ သွားရောက်၍ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် သုံးသိန်းစီ ပေးအပ်၍ ကျန်းမာရေး မေးမြန်းအားပေး စကားများပြောကြားခဲ့ကြသည်။



(ဝဲပုံ)

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်နေ့မှစပြီး နိုဝင်ဘာ ၁၁ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၂၁ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် ၅၅၆သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ (၀၄၅)

## ကန်တော်ကြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေလှူဒါန်း၊ ပြည်လုံးချမ်းသာပရဟိတကျောင်း မိဘမဲ့ကလေးများအား ကျွေးမွေး

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြဝတီမင်းကြီးလမ်းနေ ဦးမြင့်အောင်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်လုံးချမ်းသာပရဟိတ မိဘမဲ့ကလေးကျောင်းရှိ ကလေးငယ်၂၀၀ ကျော်တို့အား နံနက်စာ နို့စိမ်းခေါက်ဆွဲကျွေးမွေး၍ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်ကာ ထာဝရငွေပဒေသာပင် ငွေကျပ်သိန်း ၃၀ စိုက်ထူလှူဒါန်းခဲ့သည်။

အလားတူမွေးနေ့ရှင်သည် နံနက် ၁၀ နာရီတွင် ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးရှိ ဆရာတော်၊ သံဃာတော်များနှင့် ဂိလာနသံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊နဝကမ္မအလှူငွေကျပ် ၇၇၀၀၀၀၊ ကျောက်ကပ်ဆေးသံဃာတော် တစ်ပါးလျှင် ငွေကျပ် ၃၅၀၀၀ နှုန်းဖြင့် သံဃာ ၁၀ ပါးအတွက် ငွေကျပ် ၃၅၀၀၀၀ လှူဒါန်းခြင်းနှင့် ဧည့်ပရိသတ်များအား နေ့လယ်စာ ကျွေးမွေးခဲ့သည်။

အလားတူ အိန္ဒိယနိုင်ငံရှိ ဥရုဝေလတော တရားစခန်းဝင်သံဃာတော်များ၊ ယောဂီများအား နံနက်စာ၊ နေ့လယ်စာ ဆွမ်းကပ်လှူဒါန်းခြင်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀ ပေးပို့လှူဒါန်းခြင်းများ ကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ကဆ)



## နှစ်ရှည်နာမကျန်းစာရေးဆရာအား တပေဝါသနာရှင်များ စုပေါင်းထောက်ပံ့

**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေး၊ မဟာအောင်မြေနယ်မြေ၊ မဟာမြိုင်(၁)နေ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)သည် ၂၀၂၃ခုနှစ် ဇူလိုင် ၃ ရက်မှ ယနေ့ထိ တစ်နှစ်ကျော် ဆေးဝါးကုသလျက်ရှိရာ ယမန်နေ့က စာရေးဆရာ စာပေဝါသနာရှင်များက နေအိမ်တွင် ဒုတိယအကြိမ် စုပေါင်းဂါရဝပြုကြသည်။

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ဆေးရုံ ဓာတ်ခွဲမှူး စာရေးဆရာ ကိုဌေးလေးက ငွေကျပ် တစ်သိန်း၊ မန္တလေးမြို့နေ ဒေါ်မိမိထွေး (ကထိက-ငြိမ်း၊ ရူပဗေဒဌာန)က ငွေကျပ်ခုနစ်သောင်း၊ အေးအေးခိုင် (ပညာရေး)က ငွေကျပ် သုံးသောင်း၊ ကဗျာဆရာ စောချိုသာက ငွေကျပ် ခုနစ်သောင်း ပါဝင်ဂါရဝပြုကြသည်။

ထို့နောက် စာရေးဆရာမ ဒေါ်ခင်မို့မို့ညိမ်း(ထွေးငယ်)က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ (၃၄၂)

# ၂၇ နှစ်ကြာ မန္တလေးနေ့စဉ် ဖြတ်သန်းခြင်း

အောင်မင်းဦး(မန္တလေးနေ့စဉ်)



(၇-၁၁-၂၀၂၄)ရက် စာမျက်နှာ-၁၇ မှအဆက်

ရက်တွေကြာလာတော့ ကျွန်တော်ဖလင်ကင်မရာ အကျွမ်းကျင်ကြီးမဟုတ်ပေမဲ့ အနည်းငယ်ရိုက်တတ်နေပါပြီ။ ဆရာကိုယ်တိုင် သတင်းအတွက် ဆောင်းပါးအတွက် လိုအပ်တဲ့ဓာတ်ပုံရိုက်စရာရှိရင် ကျွန်တော့်ကို ကင်မရာပေးကိုင်တဲ့အနေအထားထိ ရှိခဲ့ပါပြီ။

စက်တင်ဘာလကုန်ရက်မှာတော့ အဖြူအမဲ သတင်းစာအစမ်းထပ်မံထွက်ရှိပြီ ဖြစ်ပါတယ်။ သတင်း၊ ဓာတ်ပုံ၊ ဆောင်းပါး၊ ကာတွန်း၊ ကဗျာ၊ သုတရသအစုံအလင်နဲ့ အစမ်းထုတ်တဲ့သတင်းစာဆိုပေမယ့် မန္တလေးမြို့ကပြည်သူတွေ၊ နယ်တွေမှာရှိတဲ့ သူတွေကော အကြိုက်တွေ့မှာ အမှန်ပါ။

သတင်းစာအစမ်းထွက်မယ့် အောက်တိုဘာလက တစ်ပတ်တစ်ကြိမ် သတင်းစာထွက်ဖို့ဆောင်ရွက်ရမှာဆိုတော့ ဝန်ထမ်းတွေပိုပြီး သတင်းစာအပေါ်မှာ အားထည့်လာတာ တွေ့ရပါတယ်။ ကျွန်တော့်ကို သတင်းစာပညာသင်ပေးတဲ့ ဆရာနတ်မောက်ထွန်းရှိန်အပြင် နောက်တစ်ဦးရှိပါသေးတယ်။ သူကတော့ ဦးအုန်းခိုင်(စစ်ကိုင်း-မင်းအောင်)ပါ။ ကျွန်တော့်အလုပ်က ဆရာဦးအုန်းခိုင်ကို မနက်တိုင်းသွားပြီး စက်ဘီးနဲ့ကြို သတင်းစာဆိုက်ကို အရောက်ပို့ပေးတဲ့ တာဝန်ပါ။ ဆရာက စစ်ကိုင်းကနေ ကားစီးလာတယ်။ ၂၈လမ်း နဲ့ ၈၁လမ်းထောင့်မှာ စစ်ကိုင်းကားရပ်တယ်။ အဲ့ဒီနေရာကို သွားကြိုခဲ့ရပါတယ်။ ဆရာခိုင်က ကျွန်တော် စက်ဘီးနင်းတဲ့အချိန်ဆို နောက်ကနေ သတင်းစာပညာတွေ ပြောပြလေ့ရှိပါတယ်။ အဲ့ဒီပညာရပ်တွေကို ခုချိန်ထိ နားထဲကမထွက်ဘူး။ ကျွန်တော့်မှာ သတင်းစာပညာရပ်တွေကိုသင်ကြားပေးတဲ့ သင်ဆရာ၊ မြင်ဆရာတွေက အများကြီးပါ။ ခုချိန်ထိ သတိရနေဆဲပါ။ ကျေးဇူးတင်လို့ မဆုံးပါဘူး။

အောက်တိုဘာလ မိုးကရွာလိုက် တိတ်လိုက်နဲ့ သတင်းစာအစမ်းထွက်ဖို့လုပ်ရတာ အဆင်မပြေမှုတွေ အနည်းငယ်တော့ ရှိပါတယ်။ ဒါပေမယ့် သတင်းစာတိုက်က ဝန်ထမ်းတွေရဲ့ စည်လုံးညီညွတ်မှုကြောင့် တစ်ပတ်တစ်ကြိမ် အစမ်းထွက်မယ့်သတင်းစာက အောင်မြင်စွာထွက်နိုင်ခဲ့ပါတယ်။ သတင်းစာအစမ်းထွက်မယ့်ကာလတွေမှာ မြို့တော်ဝန်ဗိုလ်မှူးကြီး စိန်ဝင်းအောင်ကိုယ်တိုင် မကြာခဏလာပါတယ်။ အဓိကကတော့ ညပိုင်းအလုပ်ဆင်းနေတဲ့အချိန်ဆို နေ့တိုင်းနီးပါးရောက်လာပြီး စိတ်ဝင်တစားနဲ့ ဆောင်းပါးတွေ၊ ကာတွန်းတွေ၊ ကဗျာတွေ၊ သတင်းတွေကို ထိုင်ဖတ်ပြီးမှ အားလုံး ကိုနှုတ်ဆက်ပြီး ပြန်လေ့ရှိပါတယ်။ ဒါက အလုပ်လုပ်နေတဲ့ဝန်ထမ်းတွေအတွက် အားတက်စရာတစ်ခု ဖြစ်ပါတယ်။

နိုဝင်ဘာလသည် သတင်းစာအစမ်းထွက်မယ့်ကာလကနေ နေ့စဉ်ထွက်မယ့်ကာလကို ကူပြောင်းမှာဖြစ်လို့ အရေးကြီးတဲ့လ လည်း ဖြစ်ပါတယ်။ သတင်းစာအစမ်းထွက်မှု တစ်ပတ်တစ်ကြိမ် ကနေ တစ်ရက်ခြားတစ်ခါ သတင်းစာအစမ်းထွက်ဖို့ ပြင်ဆင်ရမှာ ဖြစ်ပါတယ်။သတင်းစာအစမ်းထွက်တဲ့ကာလကနေ ပျော်စရာနေ့တစ်နေ့အဖြစ် ဖန်တီးလာတာလေးကို တင်ပြလိုပါတယ်။ နိုဝင်ဘာလ ၁၀ရက်နေ့မှာဘဲ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာန အထွေထွေဌာနခွဲ၊ သတင်းနှင့်ပြန်ကြားရေးဌာနတွင်ရှိ အောက်ဖော် ပြပါဝန်ထမ်းများအား မန္တလေးနေ့စဉ်သတင်းစာ နေ့စဉ်ထုတ်ဝေနိုင်ရေး ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ရက်နေ့တွင် စတင်တာဝန်ပေးအပ်လိုက်ပါသည်။

အဲ့ဒီစာထွက်လာတော့ ကျွန်တော်ကိုယ်တိုင် ဝန်ထမ်းဖြစ်ပြီ ဆိုတဲ့ အသိအမှတ်ပြုမှုက ဘာနဲ့မှမလဲနိုင်ဘူး ဖြစ်ပါတယ်။ ဝန်ထမ်းခန့်အပ်တုန်းကစာရင်းကို မှတ်တမ်းတင်ချင်လို့ ကျွန်တော်တင်ပြပေးမှာဖြစ်ပါတယ်။

### (က)အယ်ဒီတာအဖွဲ့

၁။ ဦးထွန်းရှိန် (အဖွဲ့ခေါင်းဆောင်)
၂။ ဦးအုန်းခိုင်
၃။ ဦးသန်း
၄။ ဦးကဲသာ(ခ)ဦးတွတ်တွတ်
၅။ ဦးရွှေမော်
၆။ ဦးစိုးနိုင်ဆွေ
၇။ ဦးမြင့်စိုး
၈။ ဦးစိုးနိုင်
၉။ ဦးအောင်သန်းသွင်

### (ခ)သတင်းထောက်အဖွဲ့

၁။ ဦးငွေအောင် (အဖွဲ့ခေါင်းဆောင်)
၂။ ဦးမြလှိုင်
၃။ ဦးထွဏ်းလှအောင်
၄။ ဦးအောင်သင်းလှိုင်
၅။ ဦးအောင်မင်းဦး
၆။ ဦးတင်အောင်ကြီး
၇။ ဦးထွန်းလွင်

### (ဂ)ကျွန်ပျူတာဌာန

၁။ ဦးအောင်မျိုးမြတ် (အဖွဲ့ခေါင်းဆောင်)
၂။ ဦးလှဘုန်းကျော်
၃။ ဒေါ်ရွှေသန်းနု
၄။ ဒေါ်အေးအေးချို
၅။ ဦးအောင်လွင်ထူး
၆။ ဦးမင်းမင်းဦး
၇။ ဦးတင်နိုင်ထွေး
၈။ ဦးမိုးကျော်ဝင်း
၉။ ဒေါ်လှစန်းရီ
၁၀။ ဦးသော်ဇင်မြင့်
၁၁။ ဦးစိုင်းရန်နိုင်
၁၂။ ဦးအောင်းမင်းခိုင်

### (ဃ)ဖိုသိုလစ်တိုအဖွဲ့

၁။ ဦးစန်းယု (အဖွဲ့ခေါင်းဆောင်)
၂။ ဦးဘိုဘိုမင်း
၃။ ဦးထွန်းအုံ
၄။ ဦးကိုအောင်ကို
၅။ ဦးစိုးသိန်း

### (င)ဓာတ်ပုံအဖွဲ့

၁။ ဦးတင်မြင့် (အဖွဲ့ခေါင်းဆောင်)
၂။ ဦးသန်းဦး
၃။ ဦးထွန်းထွန်းဦး
၄။ ဦးမြင့်ဝေ
၅။ ဦးသီဟမျိုး

### (စ)ဖြန့်ချိရေးနှင့်ထုတ်ပိုးရေး

၁။ ဦးအေးငွေ (အဖွဲ့ခေါင်းဆောင်)
၂။ ဦးကျော်မြင့်
၃။ ဦးမင်းမင်းဦး
၄။ ဦးသန့်ဇင်ဦး
၅။ ဦးကံစိန်
၆။ ဦးအောင်ဇော်
၇။ ဦးမျိုးလှိုင်
၈။ ဦးဝင်းဇော်
၉။ ဦးမောင်မောင်
၁၀။ ဦးမင်းအောင်

### (ဆ)စာပြင်ဌာန

၁။ ဦးဟန်သိန်း (အဖွဲ့ခေါင်းဆောင်)
၂။ ဦးကြည်စိုး
၃။ ဦးအေးကို
၄။ ဦးထွန်းထွန်းဦး
၅။ ဦးဇော်မင်းထက်
၆။ ဦးမြသန်း

### (ဇ)သုတေသနဌာန

၁။ ဒေါ်ဖြိုးသာရ
၂။ ဒေါ်မြသီတာ
၃။ ဒေါ်ယမင်းတွတ်
၄။ ဒေါ်ဥမ္မာခိုင် တို့ကို စာအမှတ်(၀၀၁/၆/၉၇(၁၁၈၈) ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ရက်ဆိုပြီး ဦးမောင်ဒွေး လက်ထောက်ဌာနမှူး စီမံရေးရာဌာန မန္တလေးမြို့စည်ပင်သာယာရေးကော်မတီဆိုပြီး ဝန်ထမ်းများခန့်အပ်ခဲ့ပါတယ်။

သတင်းစာအတွက် ဝန်ထမ်းခန့်အပ်တဲ့စာရင်းက သတင်းစာမထွက်ခင် ရက် ၂၀ စောတယ်လို့ပြောရမှာ ဖြစ်ပါတယ်။ အဲ့ဒီဝန်ထမ်းစာရင်းအရ စုစုပေါင်း ၅၈ ဦးရှိရာမှာ အခုချိန်မှာတော့ ကိုအောင်မျိုးမြတ်၊ ကိုထွန်းထွန်းဦးနဲ့ ကျွန်တော်ပဲ ကျန်ရှိပါတယ်။ အချို့ဝန်ထမ်းတွေလည်း ဌာနပြောင်း၊ အချို့ဝန်ထမ်းတွေလည်း ကွယ်လွန်ကုန်ကြပြီဖြစ်ပါတယ်။ ဒီကြားထဲ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီရဲ့ လိုအပ်ချက်အရ ကော်မတီရုံးကို ကိုအောင်မျိုးမြတ် သုံးနှစ်ကျော်လောက်သွားတွဲရတဲ့အတွက် သတင်းစာတိုက်မှာ ဘယ်ဌာနမှ မပြောင်းမရွှေ့ရဘဲ ကျန်ခဲ့တာလည်း ကိုထွန်းထွန်းဦးနဲ့ ကျွန်တော်ပဲ ဖြစ်ပါတယ်။ ဌာနမပြောင်းရလည်း ကျွန်တော်တို့ရဲ့ ဆရာတွေ ချွေးတွေ၊ သွေးတွေ အသိပညာတွေနဲ့ တည်ထောင်ထားတဲ့ မန္တလေးနေ့စဉ်သတင်းစာတိုက်မှာ ကျွန်တော်ပျော်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်။)

# စွယ်တော်မြတ်စေတီတော်တွင် တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပမည်



**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးမြို့ရှိ စွယ်တော်မြတ်စေတီတော်တွင် အစဉ်အလာမပျက် တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မန္တလေးစွယ်တော်မြတ်စေတီတော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးသန်းဇော်က ပြောသည်။

အဆိုပါ စွယ်တော်မြတ်စေတီတော်ကို နှစ်စဉ် အစဉ်အလာမပျက် တန်ဆောင်မုန်းလပြည့်နေ့တွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း၊ ကျင်းပနိုင်ရေးအတွက် ဂေါပကအဖွဲ့များ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး စနစ်တကျ စီမံချက်ရေးဆွဲကာ ကျင်းပခြင်း ဖြစ်သည်။

မန္တလေးစွယ်တော်မြတ်စေတီတော်မှာ အစဉ်အလာမပျက် ဆီမီးထွန်းညှိပူဇော်ပွဲ ကျင်းပသွားမှာပါ။ ကျင်းပနိုင်ဖို့အတွက်လည်း ဂေါပကအဖွဲ့များရဲ့ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ပဲ အကျဉ်းရုံးပြီးတော့ စနစ်တကျ စီမံချက်ရေးဆွဲပြီး ကျင်းပတာဖြစ်ပါတယ်။ ကျင်းပတဲ့အခါမှာလည်း နှစ်စဉ်နှစ်တိုင်း လာရောက်ဖူးမြော်သူများနဲ့ စည်ကားခဲ့ပါတယ်။ မနှစ်ကလည်း တန်ဆောင်မုန်းလပြည့်နေ့မှာ ဆီးမီး ၃၀၀၀ ကို ထွန်းညှိပူဇော်ခဲ့ပါတယ်။ ဒီနှစ်လပြည့်နေ့မှာလည်း အလှူရှင်က လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူးပြည်သူများကို စတုဒိသာကျွေးမှာပါ။ ဒီနှစ်မှာလည်း အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာပါ။ ခုလိုပူဇော်ကြတာလည်း မြတ်စွာဘုရားရှင်ကို အာရုံပြုပြီးတော့ ပူဇော်ကြတာပါ။ ဗုဒ္ဓဘာသာတွေ ဘာသာရေးအခမ်းအနား ပြုလုပ်တဲ့နေရာမှာ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲပါစေလို့ ဆုတောင်းကြပါတယ်" ဟု ၄င်းက ရှင်းပြသည်။

ထိုဆီမီးထွန်းညှိပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ ညနေ ၅ နာရီမှစ၍ စွယ်တော်မြတ်စေတီတော် ရင်ပြင်တော်ပေါ်တွင် ဂေါပကအဖွဲ့မှ ဦးဆောင်၍ ဆီမီး ၁၀၀၀ ကို ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း၊ အဆိုပါပူဇော်ပွဲကျင်းပသည့်အခါတွင် အမရပူရမြို့နယ်၏ အရှေ့ခြမ်း၊ စွယ်တော်မြတ် စေတီတော်၏ ဂေါစရဂါမ်အဖြစ် သတ်မှတ်ထားသည့် ၁၈ အုပ်စု၊ ကျေးရွာအနေဖြင့် ၂၄ ရွာမှ ဘုရားဖူးပြည်သူများအပြင် မန္တလေးမြို့ပေါ်နှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

(၀၇၃)

၀-၀-၀-၀-၀-၀-၀



# ပြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) (၁၁/၂၀၂၄) အစည်းအဝေး ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၂**

ပြဟ္မစိုရ်လူမှုကူညီရေးအသင်း (မန္တလေး)(၁၁/၂၀၂၄) အစည်းအဝေးကို နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း၊ ၃၃လမ်းနှင့်၃၄ လမ်းကြားရှိ အဆိုပါအသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြဟ္မစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌပါမောက္ခ ဒေါက်တာငြိမ်းငြိမ်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးဦးမောင်မောင်တာက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး တက်ရောက်လာသော အသင်းဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များက ကျန်းမာရေးစောင့်ရှောက်မှု သဘာဝဘေးကူညီမှု၊ နာရေးကူညီမှုများနှင့်ဘဏ္ဍာရေးမှူးက ရသုံးငွေစာရင်းကိုလည်းကောင်း၊ ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း အကြံပြုဆွေးနွေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး)ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး တွဲဖက်အတွင်းရေးမှူးနှင့် အမှုဆောင်များ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ဓါပုံ)

(၀၄၅)

၀-၀-၀-၀-၀-၀

# ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အင်ဖက်များအခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



**သရက် နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၈နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။ (အပေါ်ပုံ)

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ။ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့်အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေးအသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# အသား၊ ငါးရောင်းချမှု ဈေးနှုန်းမြင့်တင်ရောင်းချမှု ရှိ၊ မရှိ စစ်ဆေး

**ရေနံချောင်း နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့က ဒေသခံပြည်သူများ အသား၊ ငါးဝယ်ယူစားသုံးမှု အဆင်ပြေစေစေရန် ရည်ရွယ်၍ ဝက်၊ အမဲ၊ ဆိတ်သားရောင်းချသူများမှ အသား၊ ငါးများ ရောင်းချရာ၌ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိရေးအတွက် ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် သား၊ ငါးများ ဝယ်ယူစားသုံးနိုင်ရန် တစ်ပြေးညီဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့မဈေးကြီးရှိ အသား၊ ငါးဈေးဆိုင်များတွင် ဈေးနှုန်းသတ်မှတ်ချက်များပါဝင်သည့် ဗီနိုင်းဆိုင်းဘုတ်များချိတ်ဆွဲကာပညာပေး၍ စနစ်တကျ ရောင်းချစေခဲ့သည်။

ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ကွင်းဆင်းသွားရောက်ပြီး ဝက်၊ အမဲ၊ ဆိတ်သားများရောင်းချရာ၌ ဈေးနှုန်းမြင့်တင်ရောင်းချခြင်းရှိ၊ မရှိစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)(၄၇၂)



# ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနည်းပညာဆွေးနွေးပွဲနှင့် ကြံသီးနှံစံပြကွက်များ သရုပ်ပြပွဲ ပြုလုပ်

**ပျဉ်းမနား နိုဝင်ဘာ ၁၂**

စိုက်ပျိုးရေးဦးစီးဌာန၊ သကြားထွက်သီးနှံဌာနခွဲမှ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ စီမံကိန်းဖြင့် ဆောင်ရွက်သည့် ဒုတိယအကြိမ် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနည်းပညာဆွေးနွေးပွဲနှင့် ကြံသီးနှံစံပြကွက်များ သရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျီးဖြူရိုးကျေးရွာ၊ တောင်သူဦးသိန်းရွှေ၊ ကွင်းအမှတ် ၁၇၀၉၊ ကြံစိုက်ဧကသုံးဧက၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်ကြွယ်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ သကြားထွက်သီးနှံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိုးက ကြံသီးနှံစိုက်ပျိုးနည်းစနစ်များနှင့် ကြံသီးနှံအထွက်တိုးနည်းပညာများကို ဆွေးနွေးပြောကြားပြီး ကြံသီးနှံစိုက်ပျိုးရေးအထောက်အကူပြု ပစ္စည်းခြောက်မျိုးကို ကြံစိုက်တောင်သူ ၅၅ ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)



# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ



## Hightable Series တွင် ထုတ်လုပ်သူဖြစ်

ဟောလိဝုဒ်အနုပညာရှင် ကီနူးရိဗ်သည် John Wick Chapter-4 အပြီး Sequel အနေနှင့် Under The Hightable တွင် ထုတ်လုပ်သူအဖြစ် ပါဝင်မည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်သည် John Wick Chapter-4 နှင့် 5 ကြားတွင် ဇာတ်အိမ်တည်ထားပြီး ထုတ်လွှင့်မည့်ရက်ကို မကြေညာသေးသော်လည်း Chapter-5 ကို ၂၀၂၅ ခုနှစ်တွင် ထုတ်လွှင့်မည် ဖြစ်သည်။

ကီနူးရိဗ်ကို ဂျွန်ဝစ်အဖြစ် ပရိသတ်အားပေးထားပြီး အောင်မြင်မှုမြင့်မားစွာ ရရှိထားကာ John Wick Chapter-5 တွင် ဟင်နရီကာမယ် ပါဝင်မည်ဖြစ်ပြီး Under The Hightable တွင် John Wick မပါဝင်ဘဲ ကီနူးရိဗ်က ထုတ်လုပ်သူတစ်ဦးအဖြစ် ပါဝင်ထားသည်။

**SKY**

## Matt Damon က ချစ်ခြင်းတရားဟူသည်ကို အဓိပ္ပာယ်ဖွင့်ဆိုထား

ကမ္ဘာကျော် ဟောလိဝုဒ် သရုပ်ဆောင် မက်ဒေမွန်သည် ကလေးတစ်ဦးမိခင် လူစီယာနာနှင့် လက်ထပ်ခဲ့ပြီးနောက် ချစ်ခြင်းတရားဟူသည်ကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်ဟု ဟောလိဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မက်ဒေမွန်၏ ချစ်ခြင်းတရားဟူသည်မှာ မတော်တဆတွေ့ဆုံမှုမှ စတင်ခဲ့ကာ လူစီယာနာအလုပ်လုပ်သည့်ဆိုင်တွင် လူငယ်တစ်ဦး ရောက်ရှိလာပြီး ပုန်းခွင့်တောင်းရာမှ ကူညီခဲ့ပြီး ပုန်းရခြင်းမှာ သရုပ်ဆောင်တစ်ဦးဖြစ်၍ ဆိုတွင်းဂျာနယ်သမားများ၊ သတင်းထောက်များကြောင့် ဖြစ်သည်။



မက်ဒေမွန်က ရရှိထားသော အောင်မြင်မှုများနှင့်ကိုယ်ပိုင်ဘဝကို ထိန်းညှိရန်ကြိုးစားနေချိန်ဖြစ်၍ သာမန်လူတစ်ယောက်ကဲ့သို့ နေထိုင်လို၍ဟု ဆိုကာ 'ကျွန်တော်နာမည် မက်ဒေမွန်ပါ' ဟုဆို၍ နှစ်ဦးသား လက်ထပ်ခဲ့ကြပြီး (၁၈)နှစ်အကြာ သမီးတစ်ဦး ရကာ၊ လူစီယာနာ၏ သားကိုလည်း အမွေစား၊ အမွေခံအဖြစ် မွေးစားထားပြီး သူ၏ ချစ်ခြင်းတရားကို ပြသထားသည်။

**SKY**



## အနီရောင်စပျစ်သီး စားသုံးခြင်းဖြင့် ဝမ်းဗိုက်ကင်ဆာကို ကာကွယ်နိုင်မည်ဟုဆို

ဗြိတိန်နိုင်ငံတွင် ဝမ်းဗိုက်ကင်ဆာရောဂါကြောင့် လူပေါင်း ၄၄၀၀၀ ခန့် သေဆုံးနေရပြီး ထိုကင်ဆာသည် စတုတ္ထမြောက် လူသေဆုံးမှုအများဆုံးကင်ဆာဖြစ်သည်။

အနီရောင်စပျစ်သီးစားသုံးခြင်းဖြင့် ထိုဝမ်းဗိုက်ကင်ဆာကို ကာကွယ်နိုင်မည်ဟု ဗြိတိန်နိုင်ငံမှ ဆေးသိပ္ပံပညာရှင်များ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ဂါးဒီးယန်းသတင်းဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဆက်စတာတက္ကသိုလ်မှ ကင်ဆာသုတေသီ ကာရင်ဘရောင်း ဦးဆောင်သော ဆေးသိပ္ပံပညာရှင်များက အသက်(၅၀) နှင့် (၇၃)နှစ်အကြားရှိ လူနာများကို လေ့လာခဲ့ရာမှ အဆိုပါ ထူးခြားချက်ကို တွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။

စပျစ်ဝိုင်သောက်လျှင် ဝမ်းဗိုက်ကင်ဆာကို သက်သာပျောက်ကင်းစေခြင်းမရှိဘဲ စပျစ်သီးကို စားသုံးမှသာ ထိုကင်ဆာကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **SCI**

## Rize အဖွဲ့မှ Seung Han ကို ထုတ်ပယ်ခဲ့



ကေပေါ့ပ်မျိုးဆက်သစ် ရိုင်ဇ်အဖွဲ့ကို အဖွဲ့ဝင်ခုနစ်ဦးနှင့် ဖွဲ့စည်းထားပြီး ဆောင်ဟန်၏ မကောင်းသတင်းများပေါ်ထွက်လာ၍ အဖွဲ့မှ ထုတ်ပယ်ခဲ့ရာ အဖွဲ့ဝင်များနှင့် ပရိသတ်များ စိတ်မကောင်းဖြစ်ခဲ့ကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆောင်ဟန်မှာ အွန်လိုင်းပရိသတ်များ၏ ကောလာဟလနှင့် ကျောင်းတွင်းအကြမ်းဖက်မှုတွင် ပါဝင်သည်ဟု တိုက်ခိုက်ခံရ၍ အက်စ်အမ်အင်တာတိန်းမင့်က အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည့်အတွက် အဖွဲ့ဝင်များနှင့် ပရိသတ်များပါ စိတ်မကောင်းဖြစ်ခဲ့ကြသည်။

ရိုင်ဇ်အဖွဲ့၏ Rinzing Day Fancon ၏ နောက်ဆုံးနှုတ်ဆက်ပွဲတွင် ဆောင်ဟန် လာရောက်ကြည့်ရှုအားပေးခဲ့ပြီး အဖွဲ့ဝင်တစ်ဦးက ယခုအတူမရှိနိုင်သော်လည်း တစ်နေ့ ပြန်လာမည်ဟုလည်းကောင်း၊ ပရိသတ်များက ကောင်းစွာ အနားယူပြီး ပြန်လာမည့်နေ့ကို စောင့်နေမည်ဟုလည်းကောင်း အသီးသီးပြောကြားထားကြသည်။

အသက်(၂၀)ကျော် ဆောင်ဟန်ကိုအဖွဲ့မှ နှုတ်ထွက်ရန် ဖိအားပေးခဲ့သည့်အပြင် နာမည်တပ်၍ အသုဘပန်းခွေ တစ်ထောင်ကျော်ပို့သဖြင့် အဖွဲ့ဝင်များထိခိုက်မှုအတွက် ဆောင်ဟန်က လက်ရေးဖြင့် တောင်းပန်စာရေးသားခဲ့ကာ အဖွဲ့မှ နှုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

**SKY**

## Zhao Liying က ၂၀၂၄ခုနှစ် ပထမနှစ်ဝက်အတွင်း Weibo တွင် ရှာဖွေမှုအများဆုံးဖြစ်



တရုတ်အနုပညာလောကမှ အနုပညာရှင်များ၂၀၂၄ခုနှစ် ပထမနှစ်ဝက်အတွင်း ဝိန်ဘိုတွင် ရှာဖွေကြည့်ရှုမှုအများဆုံးစာရင်းကို ထုတ်ပြန်ထားရာ ကျန်လီယင်းက ထိပ်ဆုံးစာရင်းဝင်ဖြစ်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးဆိုရှယ်မီဒီယာပလက်ဖောင်းတစ်ခုဖြစ်သည့် Weibo ၏ တရားဝင်ရှင်းလင်းထုတ်ပြန်ချက်အရ ရှာဖွေမှုအများဆုံး အနုပညာရှင်ဆယ်ဦးစာရင်းတွင် ကျန်လီယင်း၊ ယောင်းမီ၊ ဒီလ်ဘာရာဒီမူရတ်တို့ ထိပ်ဆုံးနေရာရရှိခဲ့ကြသည်။

နံပါတ်လေးမှ တစ်ဆယ်နေရာတွင် ဝမ်ရိဘို၊ လျူရီဖိန်း၊ ရှောင်ကျန့်၊ ယောင်းဇီ၊ ကျန်ကျီအာ၊ ဝမ်ရှင်ယွဲ့နှင့် ကျီအာလင်းတို့ အသီးသီး ရရှိခဲ့ကြသည်။

အမျိုးသမီးဒါရိုက်တာနှင့် သရုပ်ဆောင်တစ်ဦးဖြစ်သည့် ကျီအာလင်းမှာ ၂၀၂၄ ပထမနှစ်ဝက်အတွင်း Weibo Main H.S 218 ကြိမ်၊ အင်တာတိန်းမင့် H.S 282 ကြိမ်ထိရပြီး နံပါတ် ၁၀စာရင်းဝင်ခဲ့သည်။

**SKY**

## BTS မှ Jimin က အမာခံပရိသတ်များကို ချစ်ခင်ကြောင်း ပြောကြားထား

ဘီတီအက်စ်အဖွဲ့ဝင် ဂျီမင်သည် အမာခံပရိသတ် အာမီများကို အလွန်ချစ်ခင်ပြီး နှလုံးသားအပြည့် နေရာပေးထားသည်ဟု ထုတ်ဖော်ပြောကြားသွားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဂျီမင်(ခေါ်)ပတ်ဂျီမင်က အမာခံပရိသတ်များကို သူတို့၏ ဟီးရိုးများဖြစ်ရခြင်းမှာ တစ်ခါတစ်ရံ ကမ္ဘာကြီးထဲမှ ပျောက်ကွယ်သွားချင်သည်ထိ နာကျင်ခဲ့ရချိန်အတူရှိနေပေး၍ ကျေးဇူးတင်ခဲ့သည်။

ပရိသတ်များကို ကျေးဇူးဆပ်ရန် ဂီတကို ကြိုးစားဖန်တီးခဲ့ပြီး၊ ပွဲဦးထွက်ကတည်းက အတူရှိနေပေးပြီး ဖြတ်ကျော်လာ၍ အာမီများမရှိလျှင် အသက်ရှင်နေနိုင်မည်မဟုတ်၊ အမြဲစောင့်ကြည့်ပေးနေသည်ကို မြင်ရ၍ စိတ်သောကကင်းဝေးကာ ပြန်လည်စောင့်ကြည့်ပေးမည်ဟူ၍လည်း ရင်ဖွင့်စကား ပါးထားသည်။

အမာခံပရိသတ် တစ်ဦးချင်းစီသည် အားဖြစ်ခဲ့ပြီး သူတို့ချစ်ခြင်းမှာ ပျော်ရွှင်မှုဖြစ်ခဲ့ရသည်။ ဘေးတွင်ရှိနေရုံဖြင့် ဆက်လျှောက်ရန် အားဖြစ်ခဲ့ပြီး ဂုဏ်သိက္ခာလည်း ဖြစ်ခဲ့ကာ အောင်မြင်မှုများအတွက် ထပ်တူဂုဏ်ယူနေသည်ဖြစ်ခဲ့ကာ ထာဝရကျေးဇူးတင်နေပြီး အကောင်းဆုံးများ ပိုင်ဆိုင်စေချင်သည်ဟု ဂျီမင်က ပြောကြားထားသည်။

**SKY**

## ထိုင်းနိုင်ငံ Boss Paul ကုမ္ပဏီနှင့် အနုပညာရှင်များ ကြော်ငြာလိမ်လည်မှုတွင် ပါဝင်

ထိုင်းအနုပညာလောကမှ ရုပ်ရှင်မင်းသမီးတစ်ဦး နာမည်ကျော်ရုပ်သံစီစဉ်တင်ဆက်သူအပါအဝင်၁၈ဦးနှင့် Boss Paul ကုမ္ပဏီတည်ထောင်သူတို့ကို အလုကုန်ကျန်းမာရေးနှင့် ဖြည့်စွက်စာလိမ်ညာရောင်း အမြတ်ထုတ်၍ ထိုင်းအရာရှိများက ထိန်းချုပ်ခဲ့ကြောင်း ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါကြော်ငြာလိမ်လည်မှုတွင် Icon Group မှ ကုမ္ပဏီကုန်ပစ္စည်းများ ဖိအားပေးဖြားယောင်းခဲ့သူ တစ်ထောင်ကျော်ကို တရားစွဲ၍ ၁၈ဦး ဖမ်းဆီးခဲ့ကာ ဆက်လက်စစ်ဆေးနေဆဲဖြစ်ပြီး အနုပညာရှင်များပါဝင်ခဲ့သည့်အပြင် လိမ်လည်ခံရသူများတွင် သာမန်ဝင်ငွေနည်း အလုပ်သမားမှစ လူချမ်းသာအား ကစားသမားထိ ပါဝင်ခဲ့ကြသည်ဟု သတင်းတွင် ဖော်ပြထားသည်။ **SKY**



## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(ညည-၈၃)၊ အိမ်အမှတ်(၅၃)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ မင်းရဲကျော်စွာလမ်းနှင့် ဗထူးလမ်းကြားနေ ဒေါ်လင်းလဲ့စန္ဒာ(ခ)ဒေါ်လင်းလက်စန္ဒာ(ဘ)ဦးအိုက်ဆွယ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နဆန(နိုင်)၀၅၄၀၈၀)ကိုင်ဆောင်သူ၏ အမည်ရင်းမှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားတို့တွင် **ဒေါ်လင်းလက်စန္ဒာ** နှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်နှင့် ဘွဲ့လက်မှတ်တို့တွင် **ဒေါ်လင်းလဲ့စန္ဒာ** ဟူ၍ အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါသည်။

**ကြေညာသူ – ဒေါ်လင်းလဲ့စန္ဒာ(ခ)ဒေါ်လင်းလက်စန္ဒာ (၁၃/နဆန(နိုင်)၀၅၄၀၈၀)**
**မင်းရဲကျော်စွာလမ်းနှင့် ဗထူးလမ်းကြား၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ အကွက်အမှတ်(ညည-၈၃)၊**
**အိမ်အမှတ်(၅၃)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကျန်းမာရေးရပ်ကွက်နေ (၁)ဦးထွန်းထွန်းမြင့်(ဘ)ဦးလှသော်(၉/မရမ(နိုင်)၀၄၄၈၉၆)၊ (၂)ဒေါ်ခင်အေးကြည်(ဘ)ဦးတင်ငွေ(၉/မရမ(နိုင်)၀၄၄၉၀၀)ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းမြင့်နှင့် ဒေါ်ခင်အေးကြည်တို့၏သားဖြစ်သူ မောင်ပြည့်ဖြိုးဝေ(ဘ) ဦးထွန်းထွန်းမြင့်(၉/ခအဇ(နိုင်)၀၂၉၄၇၄)သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် အမွေစား၊ အမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအလုံးစုံအား ဦးထွန်းထွန်းမြင့်နှင့် ဒေါ်ခင်အေးကြည်တို့အနေဖြင့် လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ –**
**ဦးထွန်းထွန်းမြင့်**
**ဒေါ်ခင်အေးကြည်**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သူဇာဆွေး (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**၂၇လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၆၃၃၆၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံအုပ်စု၊ မြိုင်ကြီးကျေးရွာနေ ဒေါ်အုန်းရီ၏ သားဖြစ်သူ မောင်ဟိန်းထက်(၉/အမဇ(နိုင်)၀၆၃၉၅၂)ကိုင်ဆောင်သူသည် မိဘအား အမျိုးမျိုးဒုက္ခပေးပြီး အိမ်မှထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

**ဒေါ်အုန်းရီ**
**(၉ /အမဇ(နိုင်)၀၀၇၃၅၂)**

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၅)၊ ဦးပိုင်အမှတ်(၆၈/ခဲစင်း)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဦးလှမြင့် အမည်ပေါက် တောဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ ဦးလှမြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၂၁၂၆/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်နွဲ့နွဲ့ရီ(၉/မရတ(နိုင်)၀၁၂၆၆၀)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၅၀၅၃/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ်(၁၁၂)၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြင့်(၁၃/သပန(နိုင်)၀၄၃၇၆၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၁၄)၊ ဦးပိုင်အမှတ်(၁၈-ခ)၊ ၅၈လမ်းနှင့် ၅၉လမ်းကြား၊ ဗညားဒလလမ်းနှင့် သမိန်ဗရမ်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဘောက်ဂျာ(၁/ဗမန(နိုင်)၀၅၅၁၉၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ ဦးပိုင်အမှတ်(၂၂) မြေကွက်၏ အလယ်ခြမ်း ဧရိယာ ပေ(၂၁×အနောက်ဦးပိုင်အရှိ) အကျယ်အဝန်းရှိသော ဦးစိန်အောင်၊ ဒေါ်စမ်းသီတာ အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးအောင်လွင်(ဘ)ဦးညီပု(၉/မလန(နိုင်)၀၁၃၁၈၂)၊ (၂)ဒေါ်စမ်းသီတာ(ဘ)ဦးလှမောင်(၉/မနမ(နိုင်)၁၁၉၆၅၅)၊ (၃)ဦးစိန်အောင်(ဘ)ဦးလှမောင်(၉/မနမ(နိုင်)၁၁၉၄၄၆)၊ (၄)ဒေါ်ဝါဝါ(ဘ)ဦးချစ်ကိုကို(၉/အမဇ(နိုင်)၀၁၂၅၇၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## ဦးနီတာနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၁၇၁)၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ စစ်ကိုင်းတန်းဝင်းအတွင်းနေ ဦးတင့်ဆွေ(ဘ)ဦးအာရှရတ်ဖ်(၉/မရတ(နိုင်)၁၀၄၀၃၇)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးနီတာ၏ (၇-၁၁-၂၀၂၄)ရက် မန္တလေးသတင်းစာတွင် မြေရှင်များနှင့် ချုပ်ဆိုခဲ့ဖူးသည့် (၃၁-၁၂-၂၀၀၂)ရက်စွဲပါ သဘောတူစာချုပ် မပျက်ပြယ်သေးဟန် ကြေညာနေခြင်းသည် အဖြစ်မှန်ကို ဖုံးကွယ်ကြေညာနေခြင်း ဖြစ်ပါသည်။

မြေရှင်များဖြစ်သော ဦးတင့်ဆွေ(ပါ-၄)ဦးသည် ဦးနီတာအပေါ် ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်(၅၂၄)အမှုကို စွဲဆိုခဲ့ပြီး အနိုင်ဒီကရီရရှိထားပါသည်။ အဆိုပါအမှုသည် ဦးနီတာအား လုပ်ငန်းလုပ်ပိုင်ခွင့်ပေးထားသည့် အထူးကိုယ်စားလှယ်လွှဲစာများကို ရုပ်သိမ်းခဲ့သည့်အမှုဖြစ်၍ အနိုင်ဒီကရီရရှိခြင်းနှင့်အတူ ဦးနီတာ၏ လုပ်ငန်းဆက်လက်ဆောင်ရွက်ခွင့်သည် ရပ်စဲသွားသည်မှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။ ယနေ့အချိန်ထိ အနိုင်ဒီကရီအတည်ဖြစ်လျက် ရှိပါသည်။

တစ်ဖန် ဦးနီတာမှ "နှစ်ဦးသဘောတူ ကန်ထရိုက်စာချုပ်ပါ သဘောတူညီချက်များအရ ဆက်လက်ဆောက်လုပ်ခွင့်ရလိုမှု (သို့မဟုတ်) အလိုက်ငွေကျပ် သိန်း တစ်ထောင်တိတိနှင့် စိုက်ထုတ်ကုန်ကျငွေကျပ် သိန်း ငါးထောင်ရလိုမှု"အဖြစ် မန္တလေးခရိုင်တရားရုံး၌ တရားမကြီးမှုအမှတ်(၆၅၄/၂၀၁၇)အမှုကို မြေရှင်များဖြစ်သော ဦးတင့်ဆွေ(ပါ-၄)ဦးအပေါ် စွဲဆိုခဲ့သော်လည်း ရှုံးနိမ့်ခဲ့ပါသည်။

ဦးနီတာမှ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးတွင် ၂၀၂၂ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ်-၁၃၀ ဖြင့် အယူခံဝင်ရောက်ခဲ့ခြင်း၊ နေပြည်တော် တရားလွှတ်တော်ရုံး၌ ၂၀၂၄ ခုနှစ်၊ တရားမအယူခံမှုအမှတ်-၆၆ ဖြင့် အယူခံအသီးသီး ဝင်ရောက်ခဲ့သော်လည်း အနိုင်ရရှိခြင်းမရှိ ရှုံးနိမ့်ခဲ့ပါသည်။

မြေရှင်များဘက်မှ ဦးနီတာအပေါ် စွဲဆိုသော ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၅၀ အမှုသည် လျော်ကြေးရလိုကြောင်း သက်သက်စွဲဆိုသည့်အမှု ဖြစ်ပါသည်။

ဦးနီတာ စွဲဆိုသည့်အမှုများနှင့် မြေရှင် ဦးတင့်ဆွေ(ပါ-၄)ဦး စွဲဆိုသည့်အမှုများ၏ သဘောသဘာဝအခြေအနေများ မတူညီကြပါ။ ဦးနီတာ တရားစွဲဆိုခြင်းသည် သဘောတူစာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်လိုခွင့်ဖြစ်ပြီး အမှုရှုံးနိမ့်ခဲ့သောကြောင့် ဦးနီတာသည် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်၊ အကွက်အမှတ်(၁၇၁)၊ စစ်ကိုင်းတန်းဝင်းရပ်ရှိ အလျား ၄၈ ပေ၊ အနံ ၄၈ ပေ ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ လုပ်ကိုင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းခြင်း စသည့်ကိစ္စရပ်များကို စွက်ဖက်ခြင်း၊ တားဆီးခြင်း၊ သက်ဆိုင်သည်ဟု ပြောဆိုခြင်းများ ပြုလုပ်၍ ရမည်မဟုတ်ပါ။

ထို့ကြောင့် အများပြည်သူ သို့လော သို့လော ဖြစ်စေမည့် အကြောင်းအရာများကို ဖော်ပြ၍ သတင်းစာမှ ကြေညာခြင်း၊ ထုတ်ဖော်ပြောဆိုခြင်းများကို ဆက်လက်ဆောင်ရွက်ခြင်းမပြုလုပ်ပါရန် ဦးနီတာနှင့် အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။ ယခုကဲ့သို့ ကြေညာပြီးနောက် ထပ်မံနောက်ယှက်ဟန့်တားနေမည်ဆိုပါက မြေရှင် ဦးတင့်ဆွေဘက်မှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ –**
**ဦးတင့်ဆွေ(ဘ)ဦးအာရှရတ်ဖ်**
**(၉ /မရတ(နိုင်)၁၀၄၀၃၇)**

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးငြိမ်းချမ်းမောင်(ခ)ဦးငြိမ်းမောင် (LL.B)၊**
**ဦးအောင်ဇော်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၂၄)၊ ၇၅လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။**

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ်(၈၉)၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြင့်(၁၃/သပန(နိုင်)၀၄၃၇၆၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၈၀)၊ ဦးပိုင်အမှတ်(၇၁+၇၂)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ လမ်း၁၄၀နှင့် ၁၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းအောင်(၉/မနမ(နိုင်)၀၇၆၅၅၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၈၀)၊ ဦးပိုင်အမှတ်(၇၄)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ လမ်း၁၄၀နှင့် ၁၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းအောင်(၉/မနမ(နိုင်)၀၇၆၅၅၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၆၄/ခ)၊ မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်ပူးတူးမ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရပ်ကတိစာချုပ်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင် ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဦးဝေဖြိုးအောင်(ဘ)ဦးတင်ညွန့်(၁/ကမန(နိုင်)၀၂၅၁၁၅)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဝင်းမြင့် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်–၄၂၄၆)**

**၁၁၃(အေ)လမ်းနှင့် ၅၉(အေ)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၀၀၅၄၅၇၈၆၊ ၀၉–၉၇၇၁၈၆၁၇၃**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီးငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် မြစ်သားမြို့နယ်အတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် Guard Post စိုက်ထူခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အောက်ပါအတိုင်း ရက်တိုးမြှင့်ဖိတ်ခေါ်အပ်ပါသည်–

| | | |
|---|---|---|
| (က) | တင်ဒါပုံစံစတင် ရောင်းချမည့်နေ့ရက် | – ၄-၁၁-၂၀၂၄ရက်(တနင်္လာနေ့) ရုံးချိန်အတွင်း |
| (ခ) | တင်ဒါပုံစံ အရောင်း ပိတ်မည့်နေ့ရက် | – ၂၀-၁၁-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) ရုံးချိန်အတွင်း |
| (ဂ) | တင်ဒါပုံစံတင်သွင်း ရမည့်နေ့ရက် | – ၂၇-၁၁-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) ရုံးချိန်အတွင်း |
| (ဃ) | တင်ဒါတင်သွင်း ရမည့်နေရာ | – မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး |

၂။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါတင်ပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (၀၂-၂၈၄၄၉၉၃၊ ၀၂-၄၀၃၆၉၂၃) သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

---

# ဦးညိုဝင်း အသက်(၈၈)နှစ်

# တပ်မြို့အမှုဆောင်အရာရှိ(ငြိမ်း)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၇၆လမ်း၊ ၉လမ်းထောင့် ဥပုသ်တော်ရပ်ကွက်(မြောက်ပြင်)နေ ဦးစံလင်းလှိုင်(လက်ထောက်အထွေထွေမန်နေဂျာ၊ အမှတ်-၂ သတ္တုတွင်းလုပ်ငန်း)၊ ဦးဝင်းမြင့်+ဒေါ်ဥမ္မာဝင်း(လဝကမှူး-အောင်မြေသာစံမြို့နယ်)၊ ဦးမိုးဟိန်းထွန်း(ဌာနစုမှူး၊ မန္တလေးနေ့စဉ်၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန)+ဒေါ်မွန်မြတ်သူ(အခွန်ဌာန)၊ (ဦးဇော်သျှမ်း)+(ဒေါ်ခင်မာချို)၊ ဦးညီညီအောင်+ဒေါ်ရွှေပါနှင်း(ပြင်ဦးလွင်)တို့၏ ဖခင်၊ မြေး(၅)ယောက်တို့၏ အဘိုး (ဒေါ်နှင်းအေး)၏ ချစ်လှစွာသော ခင်ပွန်း

# ဦးညိုဝင်း အသက်(၈၈)နှစ်

# တပ်မြို့အမှုဆောင်အရာရှိ(ငြိမ်း)

သည် (၁၂-၁၁-၂၀၂၄)ရက်နေ့ နံနက် ၂ နာရီ ၄၄ မိနစ်တွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၁၃-၁၁-၂၀၂၄)ရက်နေ့၊ နံနက်(၁၀)နာရီတွင် ပြည်သူ့ဆေးရုံကြီး(မန္တလေး)၊ ရေခဲတိုက်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## သမီးနှင့် သားမက်အဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရ၊ မှန်တန်းတိုက်နယ်၊ ဝါးတန်းတောင်ရပ်ကွက်နေ ဦးဇော်မင်း(၉/မသန(နိုင်)၀၈၃၆၅၁)နှင့် ဒေါ်ယဉ်ယဉ်ထွေး(၁၃/နဆန(နိုင်)၀၀၀၃၃၇)တို့၏ သမီးနှင့် သားမက်ဖြစ်သော မယုသန္တာအောင်(ဘ)ဦးဇော်မင်း(၉/အမရ(နိုင်)၁၄၀၇၃၉)နှင့် မောင်စိုင်းစည်သူဟိန်း(ဘ)ဦးစိုင်းစိုးဟန်(၁၃/လရန(နိုင်)၁၅၆၆၀၉)တို့သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သမီးနှင့် သားမက်အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မယုသန္တာအောင်နှင့် မောင်စိုင်းစည်သူဟိန်းတို့နှင့်ပတ်သက်သည့်ကိစ္စအရပ်ရပ်အားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**ဦးဇော်မင်း ဒေါ်ယဉ်ယဉ်ထွေး**

---

## အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်(ပုံစံ–၇) ရရှိထားသူများနှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသူများ သိရှိနိုင်ရန် ကြေညာချက်

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Mandalay Business Capital City Development ltd., တို့သည် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးမြို့ရေကြီးရေလျှံမှုလျှော့ချနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုခဲ့ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကို ၂၀၁၇ ခုနှစ်တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း စီမံကိန်းနှင့် သက်ဆိုင်ခြင်းမရှိသောလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိကြောင်း ညွှန်ကြားချက်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ(၁)ဧကလျှင် ကျပ်သိန်း(၁၅၀၀)နှုန်း၊ မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ(၁)ဧကလျှင် ကျပ်သိန်း(၆၀၀)နှုန်းဖြင့် သတ်မှတ်ဝယ်ယူပေးခြင်းနည်းလမ်းနှင့်လည်းကောင်း၊ စီမံကိန်းဧရိယာအတွင်း မြို့မြေကွက်များဖြင့် စီမံကိန်းစာချုပ်ပါအတိုင်း လဲလှယ်ပေးခြင်းနည်းလမ်းနှင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါနည်းလမ်းများနှင့် ဆောင်ရွက်ခဲ့ရာ စီမံကိန်းဧရိယာ၏ (၇၅ ရာခိုင်နှုန်း)ကျော် ဆောင်ရွက်ပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများအနက် အကြောင်းအမျိုးမျိုးတို့ကြောင့် လာရောက်ရောင်းချခြင်း၊ စီမံကိန်းတွင် ပေါ်ထွက်လာမည့် မြို့မြေကွက်များနှင့် စီမံကိန်းစာချုပ်ပါအတိုင်း လာရောက်လဲလှယ်ခြင်း၊ ဆောင်ရွက်ရန် ကျန်ရှိနေသူများအား မိမိတို့၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များအတွက် ပြန်လည်ရရှိမည့် ငွေကြေး(သို့မဟုတ်)စီမံကိန်းမြို့မြေကွက်များ လာရောက်ရယူနိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီက (၁၅-၉-၂၀၂၃)ရက်နေ့တွင် ရက်ပေါင်း(၆၀) ပထမအကြိမ်အဖြစ်လည်းကောင်း၊ (၁၈-၁-၂၀၂၄)ရက်နေ့တွင် ရက်ပေါင်း(၃၀) ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ သတင်းစာများတွင် ကြေညာပေးခြင်း၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာချက်ဗီနိုင်းများကပ်ပြီး အသိပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

၄။ ထို့အပြင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီမှ (၃၁-၁၂-၂၀၂၃)ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည့် မြေယာဝယ်ယူရေးနှင့် မြို့မြေစလစ်လဲလှယ်ရေးဆပ်ကော်မတီအနေဖြင့် စီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများနှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏မြေယာများ လာရောက်ရောင်းချရန် ကျန်ရှိသူများ၊ မြို့မြေကွက်လဲလှယ်ရန်ကျန်ရှိသူများအား (၁၁-၄-၂၀၂၄)ရက်နေ့မှ (၁၃-၇-၂၀၂၄)ရက်နေ့အတွင်း (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ)(၆)ကြိမ် ခေါ်ယူတွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။

၅။ ယခုအခါတွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိပြီး စီမံကိန်းသို့ လာရောက်ရောင်းချရန် (သို့မဟုတ်)မြို့မြေကွက်များနှင့် လာရောက်လဲလှယ်ရန် ကျန်ရှိနေသည့်ကွင်းအမှတ်(၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁ (ရွှေကြက်ယက်))အတွင်းရှိ ပုံစံ(၇)ရှိသော ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်နှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးခွင့်ရရှိထားခဲ့သော မြေနေရာ(၈၀၅ ဒသမ ၃၂)ဧက၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို ပယ်ဖျက်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၆။ စိုက်ပျိုးလုပ်ကိုင်ခွင့်ပယ်ဖျက်ရုပ်သိမ်းမည့် ကွင်းအမှတ်(၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁ (ရွှေကြက်ယက်))အတွင်းရှိ (၈၀၅ ဒသမ ၃၂)ဧကတွင်ပါဝင်သော စိုက်ပျိုးလုပ်ကိုင်ခွင့် အထောက်အထားရှိသူများအနေနှင့် မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့် စာရွက်စာတမ်းမူရင်းများဖြင့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီတွင် (၁၈-၁၁-၂၀၂၄)ရက်နေ့ နောက်ဆုံးထားပြီး သတ်မှတ်နှုန်းထား ငွေကြေးသော်လည်းကောင်း၊ စီမံကိန်းစာချုပ်ပါအတိုင်း စီမံကိန်းမှ ပေါ်ထွက်လာမည့် မြို့မြေကွက်သော်လည်းကောင်း ရယူ/ထုတ်ယူနိုင်ရန် အသိပေးအပ်ပါသည်။

၇။ နောက်ဆုံးဆက်သွယ်ဆောင်ရွက်ရမည့် သတ်မှတ်ရက်ကျော်လွန်ပါက အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီက လိုအပ်သလို ဆက်လက်စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**

**အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီ**

**ဆက်သွယ်ရန်–**

- **ခရိုင်အုပ်ချုပ်ရေးမှူး၊ အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
  **ဖုန်း ၀၉–၂၀၀၉၅၅၆**
- **အတွင်းရေးမှူး၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီ**
  **ဖုန်း ၀၉–၄၂၈၀၀၁၄၅၄**
- **အဖွဲ့ဝင်၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အထောက်အကူပြုကော်မတီ**
  **ဖုန်း ၀၉–၉၆၉၉၈၈၀၁၁၊ ၀၉–၉၆၉၉၈၈၈၉၇**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၄၉လမ်း၊ ၁၁၂လမ်း၊ "ကောင်းထက်"(အုတ်၊ ထုံး၊ သဲ၊ ကျောက်၊ ရောင်းဝယ်ရေးလုပ်ငန်း)လုပ်ကိုင်နေထိုင်သူ ဒေါ်စန်းစန်းအေး(ဘ)ဦးအောင်သိန်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၀၆၉၅၁)မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်မနှင့် ဦးသိန်းဇော်(ဘ)ဦးတူး(၉/တသန(နိုင်)၁၄၀၁၈၅)တို့သည် တရားဝင်အကြင်လင်မယားဖြစ်ကြပြီး "ကောင်းထက်"(အုတ်၊ ထုံး၊ သဲ၊ ကျောက်၊ ရောင်းဝယ်ရေးလုပ်ငန်း)ကို လုပ်ကိုင်ကြပါသည်။ (၈-၁၁-၂၀၂၄)ရက်နေ့က လင်မယားစကားများပြီး ဦးသိန်းဇော်က နေအိမ်ရှိ လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်သော မော်တော်ယာဉ် 2M-8319 နှင့်တကွ ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအပြင်၊ မော်တော်ယာဉ် 7K/6793၊ မော်တော်ဆိုင်ကယ် MDY-73W/28463၊ မော်တော်ဆိုင်ကယ် MDY-54W/53640 တို့နှင့်ပတ်သက်သော စာရွက်စာတမ်းများ၊ မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ တဲကုန်းကျေးရွာ၊ သူကြွယ်လမ်းရှိ SOP အမှတ်(၁၈၀)ရရှိထားသော ဧရိယာ(၄၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများ ငွေကြေးများအပါအဝင် အခြားရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ ယူဆောင်သွားပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါလင်မယားနှစ်ဦးပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ ဉာဏဆိုင်ရာပစ္စည်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ချေးငှားခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**အများသိစေရန် ကြေညာသူ–**

**ဒေါ်စန်းစန်းအေး(ဘ)ဦးအောင်သိန်း**

**နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၀၆၉၅၁)**

**ဖုန်း ၀၉–၄၄၄၀၁၇၀၁၃**

## အရောင်းဝန်ထမ်းအလိုရှိသည်

## နေပြည်တော် တိရစ္ဆာန်အစာဆိုင်

**မန္တလေးတွင် တာဝန်ထမ်းဆောင်ရန်အတွက် အသက်(၁၈)နှစ်မှ (၂၃)နှစ်အတွင်း အမျိုးသား၊ အမျိုးသမီး အရောင်းဝန်ထမ်းအလိုရှိ။**

အလုပ်ချိန် - ၉:၀၀ နာရီမှ ၇:၀၀ နာရီနှင့် အလုပ်မှ သတ်မှတ်ပေးသည့် အပတ်စဉ်နားရက်နှင့် အများပြည်သူနားရက်များ ခံစားခွင့်+ဘောနပ်ခံစားခွင့်များ၊ ဆယ်တန်းအဆင့်ရှိရမည်။

**တိရစ္ဆာန်လေးတွေ ချစ်တတ်ရမည်။**

လစာ+ရက်မှန်ကြေး+အချိန်မှန်ကြေး - ၃၃၀၀၀၀ခန့် အရည်အချင်းအလိုက် အခြားဘောနပ်ခံစားခွင့်များ

**အလုပ်လျှောက်မည့်နေရာ - ၃၅လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား**
**ဖုန်း ၀၉-၇၄၀၉၈၀၇၆၈**
**Viber ၀၉-၉၁၀၂၅၅၇၄**

## "အများသိစေရန်ကြေညာခြင်း"

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၆၀ × ၃၂ လမ်း၊ ရတနာတိုင်းပြည်အိမ်ရာနေ **ဒေါ်ထက်ရွှေရည်ဦး (ခ) ဟေမာန်ဦး (ဘ) ဦးကျော်ကျော်ဦး [၁/မညန (နိုင်) ၁၆၄၇၀၄] ၏** လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေ **ဒေါ်ထက်ရွှေရည်ဦး (ခ) ဟေမာန်ဦး** နှင့် ပတ်သက်၍ **Facebook, Messenger, Viber, Phone message** အစရှိသည်တို့ဖြင့် လူမှုကွန်ယက်စာမျက်နှာများတွင် အများအမြင် အထင်မှား၊ အမြင်မှားဖြင့် ဂုဏ်သိက္ခာကျဆင်းစေရန်၊ မိသားစုဘဝ ထိခိုက် နစ်နာစေရန်နှင့် ၎င်း၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် ထိခိုက်နစ်နာ ပျက်စီးစေရန် ရည်ရွယ်၍ မဟုတ်မမှန်သော စာများကို နည်းအမျိုးမျိုးဖြင့် ဖြန့်ဝေကာ လုပ်ဆောင်လျက်ရှိကြောင်း ကျွန်ုပ်၏မိတ်ဆွေမှ တစ်ဆင့်ကြားသိရပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ အသက်မွေးဝမ်းကြောင်း စီးပွားရေးလုပ်ငန်းများကို ထိခိုက်နစ်နာစေသော မမှန်သတင်းများနှင့် ဂုဏ်သိက္ခာကျဆင်းစေသော ပြုမူချက်များကို လူမှုကွန်ယက်မှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ လူမှုပတ်ဝန်း ကျင်မှဖြစ်စေ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ယင်းဖြန့်ဝေမှုများကို တုန့်ပြန်မှုများပြုလုပ်ခြင်း၊ မှတ်ချက်ပေးခြင်းများ လုံးဝမပြုလုပ်ပါရန် တင်းတင်းကြပ်ကြပ် တားမြစ်အပ်ပါသည်။ အကယ်၍ ပြုလုပ်ထားပါက ပြန်လည်ရုပ်သိမ်း၊ ဖျက်သိမ်းပေးပါရန် နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများ နှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထက်ရွှေရည်ဦး (ခ) ဟေမာန်ဦး၏ လွှဲအပ်ချက်အရ -**

**ဒေါ်ခာခာပြိုးဇေ (တရားလွှတ်တော်ရှေ့နေ၊စဉ်-၁၉၁၅၄)**

၆၃လမ်း၊ ၃၅ × ၃၆ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ (၀၉-၄၂၀၂၃၄၁၀၆)

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၃)၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးပွန် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်အစွန်ဆုံးအပိုင်း၏ တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နူးနူးဂျာ(ဘ)ဦးဘရန်အောင် (၁/မကန(နိုင်)၁၈၉၅၈၈) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုပြစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ -** | **လွှဲအပ်ချက်အရ-** |
| **ဦးဝင်းကိုအောင်** | **ဒေါ်တင်မီမီကျော် (LL.B)** |
| **(ဘ)ဦးမြတ်သင်း** | **တရားလွှတ်တော်ရှေ့နေ** |
| **(၅ /ဒပယ(နိုင်)၁၁၂၇၀၆)** | **၅၉(စီ)လမ်း၊ ၁၁၅(အေ)လမ်းနှင့် ၁၁၆လမ်းကြား၊** |
| | **ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။** |
| | **ဖုန်း ၀၉-၄၂၀၇၈၃၉၁၇၊ ၀၉-၇၉၇၅၇၅၁၇၈** |

## နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ ကံတော်ရပ်နေထိုင်သူ ဒေါ်နှင်းဝတ်ရည်(ဘ)ဦးညွန့်ဝေ(၉/အမရ(နိုင်)၁၆၃၄၈၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝတ်ရည်နှင့် ဦးသက်ပိုင်ဦး(ဘ)ဦးသက်နိုင်ထွန်း(၇/ညလပ(နိုင်)၁၉၉၆၉၉)တို့သည် "နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကို (၁၀-၁၁-၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးသက်ပိုင်ဦးနှင့် ဒေါ်နှင်းဝတ်ရည်တို့သည် ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဦးသက်ပိုင်ဦးနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေးကိစ္စရပ်များ၊ ငွေရေးကြေးရေးကိစ္စရပ်များ၊ အခြားမည်သည့်ကိစ္စရပ်များမဆို ဒေါ်နှင်းဝတ်ရည်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဆန်းဝေယံမင်းခန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၅၀)**
**အကွက်(၃၉၀)၊ သံ/နောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၈၁၆၆၅**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၅)၊ ဦးပိုင်အမှတ်(၉-ဃ+၉-ချ+၁၀-က)၊ ဧရိယာ(၀ ဒသမ ၀၁၉၉+ ၀ ဒသမ ၀၁၂၈+ ၀ ဒသမ ၀၁၆၄) ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးခင်မောင်အေး(ဘ) ဦးခင်မောင်သန်း(၁၂/ပဘတ(နိုင်)၀၂၇၉၇၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္ဇူမြင့် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ် (အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၄၄)၊ ဦးပိုင်အမှတ်(၃၃-က)၊ ဧရိယာ(၀ ဒသမ ၀၂၆၅)ဧက အကျယ်အဝန်းရှိ ဦးကိုကြီး အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+မီး၊ ဝင်းခြံအကာအရံ အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြစိန်(ဘ)ဦးဘသိန်း(၉/မရတ(နိုင်)၀၅၇၉၅၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်အေးစန္ဒာထက် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၈၅၀၄၉၃၉**

## အများသိစေရန်ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၁)၊ တွင် တည်ရှိသော ဦးပိုင်အမှတ်(၈၅)၏ တောင်ဘက်ခြမ်း ခဲစင်းပြဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးလှမြင့် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဇံ(ဘ)ဦးတာ(၉/မရတ(နိုင်)၀၄၈၁၀၂)က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

| | | |
|---|---|---|
| **ဦးမျိုးမင်းအောင်**(LL.B) | **ဦးစိုင်းဆိုင်မိန်း** (LL.B) | **ဒေါ်အေးအိနိုင်** (LL.B) |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၅၆)၊ ၃၇(စီ)လမ်း၊ ၆၇(အေ)လမ်းနှင့် ၆၈(အေ)လမ်းကြား၊ အပိုင်း(၄)၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၆၇၆၇၀၅၂၃၊ ၀၉-၇၉၇၁၄၇၄၆၈**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

**KBK** သောက်ရေသန့် ကုန်အမှတ်တံဆိပ်သည် မန္တလေးမြို့ စာချုပ်စာတမ်းရုံး မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်း **KBK** အမှတ်တံဆိပ်အမည်ကို အတုအပ ဆင်တူယိုးမှား မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးငြိမ်းကို(၉/အမဇ(နိုင်)၀၄၂၄၂၁)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

- နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာပေါ်တွင် အခြေခံ...
- ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏အနာဂတ်များဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## သာစည်-မန္တလေးရထားလမ်းပိုင်း၌ လူစီးရထား စတင်ပြေးဆွဲ

**နေပြည်တော် နိုဝင်ဘာ ၁၂**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှု လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းများတွင် လူစီးရထားများ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိရာ သာစည်-မန္တလေး ခရီးစဉ်အမှတ်(သ-၃၀၁)အဆန် နှင့် မန္တလေး-သာစည်ခရီးစဉ် အမှတ်(သ-၃၀၂)အစုန် RBE လူစီးရထားများကို နိုဝင်ဘာ ၁၁ ရက်မှ စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အမှတ်(သ-၃၀၁) အဆန် သာစည်-မန္တလေး RBE ရထားသည် သာစည်ဘူတာမှ နံနက် ၅ နာရီခွဲတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နံနက် ၉ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်းနှင့် အမှတ်(သ-၃၀၂)အစုန် မန္တလေး-သာစည် RBE ရထားသည် မန္တလေးဘူတာမှ ညနေ ၃ နာရီတွင် ပြန်လည်ထွက်ခွာ၍ သာစည်ဘူတာသို့ ည ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

လမ်းခရီးတွင် ဘူတာစဉ်ရပ်တန့်ပေးသွားမည်ဖြစ်ပြီး အဆိုပါ RBE ရထားတွဲဆိုင်းတွင် ခရီးသည်ရပ်စီး၊ ထိုင်စီး စုစုပေါင်း ၁၀၀ စီးနင်းလိုက်ပါနိုင်ကာ ခရီးသွားလက်မှတ်ခအား ခရီးစဉ်အစမှ အဆုံးထိ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှင့် ခရီးတစ်ဝက်လိုက်ပါစီးနင်းပါက ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် လက်ရှိပြေးဆွဲပေးလျက်ရှိသော ရထားခရီးစဉ်များတွင် ခရီးသည်စီးနင်းမှု များပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆက်ခြင်း၊ ရထားစင်းရေတိုးမြှင့်ပြေးဆွဲခြင်း အစီအစဉ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ခရီးသွားမိဘပြည်သူများအနေဖြင့် လုံခြုံစိတ်ချစွာ လိုက်ပါစီးနင်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## မိတ္ထီလာမြို့နယ်တွင် ဆောင်းနေကြာ စိုက်ဧက ၁၉၀၅ ဧက စိုက်ပျိုးရန် သတ်မှတ်လျာထား

**မိတ္ထီလာ နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၌ ဆောင်းနေကြာ စိုက်ဧက ၁၉၀၅ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ပုံ)**

မိတ္ထီလာမြို့နယ်တွင် ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေးတို့အတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နေကြာတို့ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် ဆောင်းနေကြာစိုက်ဧက ၁၉၀၅ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး မြို့နယ်အတွင်း နေကြာစိုက်ဧကများ သတ်မှတ်လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သတ်မှတ်လျာထားစိုက်ပျိုးဧကများ ပြည့်မီရေး တိုင်းဒေသကြီးအစီအစဉ်ဖြင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးရေးတောင်သူများအား နေကြာမျိုးစေ့အိတ်များအား အခမဲ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**(၄၆၉)**

## စင်ကာပူအသင်းနှင့် ခြေစမ်းပွဲကစားရန် မြန်မာ့လက်ရွေးစင်အသင်း ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၂**



မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ နိုင်ငံတကာ ရက်သတ္တပတ်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန် နိုဝင်ဘာ ၁၂ ရက်က စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ**-ဦးရဲဝင်းအောင်၊ **နည်းပြချုပ်**-ဦးမျိုးလှိုင်ဝင်း၊ **လက်ထောက်နည်းပြ**-ဦးဇော်ဝင်းထွန်း၊ ဦးမင်းသူ၊ **ဂိုးနည်းပြ**-အန်ဒရီ၊ **ကြံ့ခိုင်ရေးနည်းပြ**-ရစ်ချတ်ဟိုလော့၊ ကစားသမားများအဖြစ် **ဂိုးသမား**-ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးသူ(ရှမ်းယူနိုက်တက်)၊ နေလင်းထက်(ဟံသာဝတီယူနိုက်တက်)၊ **နောက်တန်း**-ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ ဖွဲ့ခန့်မင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော်(ရှမ်းယူနိုက်တက်)၊ ဇော်ရဲထွန်း(ဒဂုံစတား)၊ သူရိန်စိုး၊ ကျော်ဖြိုးဝေ(ရန်ကုန်ယူနိုက်တက်)၊ စိုးမိုးကျော်(Tiffy Army, ကမ္ဘောဒီးယား)၊ **အလယ်တန်း**-ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်(ရန်ကုန်ယူနိုက်တက်)၊ လာဒင်မောရ(ဟံသာဝတီယူနိုက်တက်)၊ ခိုင်ရဲဝင်း(အား/ကာသိပ္ပံ)၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင်(ရှမ်းယူနိုက်တက်)၊ သီဟဇော်(Naga World, ကမ္ဘောဒီးယား)၊ ဟိန်းထက်အောင်(နီဂျီရီဆမ်ဘီလန်၊ မလေးရှား)၊ ဆွမ်လန်မန်(ဒဂုံစတား)၊ မောင်မောင်လွင်(လမ်ဖွန်ဝါရီယာ၊ ထိုင်း)၊ **ရှေ့တန်း**-သန်းတိုးအောင်(ဟံသာဝတီယူနိုက်တက်)၊ ဝင်းနိုင်ထွန်း(ချင်းရိုင်ယူနိုက်တက်၊ ထိုင်း)တို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ နိုင်ငံတကာ ရက်သတ္တပတ်တွင် ပထမခြေစမ်းပွဲအဖြစ် နိုဝင်ဘာ ၁၄ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**NGB**